ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်၊ သောကြာနေ့၊ (13-1-2006) (၄၈၃၉)

အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၆)တွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး

အာရပ်စော်ဘွားများပြည်ထောင်စု ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်အသစ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အာရပ်စော်ဘွားများပြည်ထောင်စု ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်အသစ် ရှိတ်မိုဟာမက်ဘင်ရာဆစ်အယ်လ်–မာတွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



နိုင်ငံသားနိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ တပ်မတော်အခန်းကဏ္ဍများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေး ကိုယ်စားလှယ်အစုအဖွဲ့အလိုက် အကြံပြုစာတမ်းများ ပြုစုနေ

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က အမျိုးသားညီလာခံသည် ဆက်လက်တင်ပြရန်ရှိသည့် ကျန်ရှိသောအခန်း(၇)ခန်းအတွက် လိုအပ်သည်များ လေ့လာပြင်ဆင်ဆောင်ရွက်ထားရန်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၂

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၆)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၅ရက်နေ့မှစတင်ကျင်းပခဲ့ရာ ၂၀၀၆ခုနှစ် ဇန်နဝါရီ ဒုတိယပတ်အတွင်းသို့ရောက်ရှိလာပြီဖြစ်၍ ယခုညီလာခံကာလသည် ရက်သတ္တငါးပတ်ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံလုပ်ငန်းများသည်လည်း အရှိန်အဟုန်ကောင်းစွာဖြင့် ပြီးမြောက်အောင်မြင်လျက်ရှိကြောင်း။

၂၀၀၄ခုနှစ်မှ စတင်ကျင်းပလာခဲ့သည့် အမျိုးသားညီလာခံတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်မည်ဆိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၃-၁-၂၀၀၆
(သောကြာနေ့)

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်ရေး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်

မျက်မှောက်ကာလတွင် အမျိုးသားပညာရည် မြင့်မားမှုသည် နိုင်ငံနှင့်လူမျိုး ရှင်သန်တိုးတက်ရေးအတွက် အလေးထားရသည့် မောင်းနှင်အားဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးသည်လည်း ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် အဓိက အသက်သွေးကြောပင်ဖြစ်သည်။

ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးပါသော အရင်းအမြစ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို ပြုစုပျိုးထောင်ပေးနေကြသူများဖြစ်သည်။ နိုင်ငံတော်၏ မျှော်မှန်းချက်များ၊ အစီအမံများနှင့်အညီ ထက်မြက်မြင့်မားသော မျိုးဆက်သစ်လူငယ်များ ဖြစ်ထွန်းလာစေရန် သင်ကြားပို့ချပျိုးထောင်ပေးနေကြသူများဖြစ်ရာ နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးနေကြသည့် လူမှုရေးဗိသုကာများပင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ထုဆစ်ပေးနေကြသည့် ဆရာ၊ ဆရာမများကိုယ်တိုင် ပညာရပ်များ ကျွမ်းကျင်တတ်မြောက်ရုံမျှမက ဗဟုသုတ၊ အတွေးအခေါ်၊ ယုံကြည်ချက် ခံယူချက် ပြည့်ဝခိုင်မာစေရေးအတွက် မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၉ ရက်နေ့က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ အခြေခံပညာဆရာ၊ ဆရာမ ၁၀၀၀ တက်ရောက်ကြသည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းများတွင် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်း အခြေခံများ၊ ရှေ့အနာဂတ် အလားအလာများနှင့် အမျိုးသားရေးမျှော်မှန်းချက်များကို ရှင်းလင်းစွာ သိမြင်စေခြင်းဖြင့် ဆရာ၊ ဆရာမများ အတွက်သာမက ကျောင်းသား၊ ကျောင်းသူ လူငယ်များနှင့် နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်း စေမည်ဖြစ်သည်။

ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှု အခွင့်အလမ်း ညီမျှစွာရရှိရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ပေါ်လာရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်သင်ယူနိုင်သည့် ပညာရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများအရ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးနယ်ပယ်အသီးသီးတွင် ရယူအသုံးပြုနိုင်သည့် အီလက်ထရွန်နစ် သတင်းအချက်အလက် ထုတ်လွှင့်မှုစနစ်ကို နိုင်ငံတော်အစီအစဉ်ဖြင့် ထူထောင်ပေးထားသည်။ တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်း ၆၂၄ ကျောင်းတွင် ပညာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဘာသာရပ်သင်ခန်းစာများကို ဖမ်းယူလေ့လာနိုင်ကြပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရသည် ခေတ်အဆက်ဆက်တွေ့ကြုံဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို ရယူပြီး နိုင်ငံတော်ကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်၏ မှန်ကန်သောဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာမှုများ လွှမ်းခြုံလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိနေသည်။

သို့ဖြစ်ရာ ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများ အားလုံးက ကျောင်းသား၊ ကျောင်းသူတိုင်း ပညာအရည်အသွေး မြင့်မားလာစေရန် ကြိုးပမ်းအားထုတ်ရင်း နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းလာရေးအတွက် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၆ခုနှစ်(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

ခြံစည်းရိုးကြက်ဆူ ပျိုးထောင်၊ ပျိုးပင်၊ ပျိုးကိုင်း၊ မျိုးစေ့ဖြန့်ဝေ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီးတို့ ပျိုးအိတ်အတွင်းစတင်စိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်း ခြံစည်းရိုးကြက်ဆူပျိုးထောင်ခြင်းနှင့် ပျိုးပင်၊ ပျိုးကိုင်း၊ မျိုးစေ့ဖြန့်ဝေခြင်း အခမ်းအနားကို ဇန်နဝါရီ ၅ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း၊ ပုသိမ်မြို့ ကန်သာယာသစ်တောဦးစီးဌာန ပျိုးဥယျာဉ်၌ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ ကုန်ကျစရိတ် သက်သာစွာဖြင့် ဘိုင်အိုဒီဇယ်ထုတ်လုပ်နိုင်ရေး၊ မြို့နယ်အလိုက် သတ်မှတ်လျာထား ဧကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရေး မှာကြားသည်။

ထို့နောက် တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးဝေနှင့် တိုင်းစက်မှုလယ်ယာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်တို့က ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ တက်ရောက်လာကြသူများက ရှင်းလင်းဆောင်ရှေ့တွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများနှင့် မျိုးစေ့များ၊ ဘိုင်အိုဒီဇယ်ကြက်ဆူဆီ နမူနာများအား လေ့လာကြကာ တိုင်းမှူးနှင့် ဇနီးတို့က အသင့်ပြုလုပ်ထားသော ပျိုးအိတ်အတွင်း ကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို စတင်စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကြက်ဆူဆီများဖြင့် လယ်ယာ-၁၆ လက်တွန်းထွန်စက်၊ စပါးရိတ်စက်များ မောင်းနှင်းပြသမှုအားလည်းကောင်း၊ ရေတင်စက်များ မောင်းနှင်၍ ရေတင်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးသွားမည်

ဧရာဝတီတိုင်းအနေဖြင့် ၂၀၀၆ ခုနှစ်မှ စတင်၍ ခြံစည်းရိုးကြက်ဆူအား ပထမအဆင့် ဧက ၂၇၀၀၊ ၂၀၀၇ ခုနှစ်တွင် ဒုတိယအဆင့်ဧက ၉၈၀၀၀ နှင့် ၂၀၀၈ ခုနှစ်တွင် ဧက ငါးသိန်းအထိ စိုက်ပျိုးသွားမည်ဖြစ်သည်။

ထည့်သွင်းစိုက်ပျိုး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ပျိုးအိတ်အတွင်း ခြံစည်းရိုးကြက်ဆူ ပျိုးပင်များ ထည့်သွင်းစိုက်ပျိုးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အနောက်တောင်တိုင်း စစ်ဌာနချုပ်တွင် ပြုလုပ်သည့် ခြံစည်းရိုးကြက်ဆူကိုင်းပင်များ စုပေါင်း စိုက်ပျိုးပွဲတော်သို့ တက်ရောက် အားပေးကာ ကြက်ဆူပင်အား သတ်မှတ်နေရာတွင် စတင်စိုက်ပျိုးပေးသည်။

ရှင်းလင်းမှာကြား

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ခရိုင် ငါးခရိုင်မှ ခရိုင်ဥက္ကဋ္ဌများ၊ မြို့နယ်ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များအား တွေ့ဆုံကာ ဧရာဝတီတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမည့် အစီအစဉ်များ၊ မျိုးရရှိရေး နည်းလမ်းများနှင့် ရှိပြီးသား စိုက်ခင်းများအတွင်း ကြားညှပ်သီးနှံအဖြစ် စိုက်ပျိုးရေး၊ သုံးနှစ်အတွင်း ဧက ငါးသိန်း ပြည့်မီ ကျော်လွန်ရေးကိစ္စများအား ရှင်းလင်းမှာကြားခဲ့သည်။ (သတင်းစဉ်)

❍ **ရှေ့ဖုံးမှ**

အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

အကြံပြုချက်များတင်ပြခဲ့

ထို့ပြင် ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်း ဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ညီလာခံသို့ရှင်းလင်းတင်ပြ ခဲ့ပြီး ထိုရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က ၎င်းတို့၏ ဆွေးနွေး အကြံပြုချက်များကို အမျိုးသားညီလာခံသို့ အသီးသီးပြန်လည် တင်ပြခဲ့ကြပြီး ဖြစ်ကြောင်း။

စာတမ်းများပြုစုနေ

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသားများ၏ မူလအခွင့်အရေး နှင့် တာဝန်များ ဆိုင်ရာအခန်းကဏ္ဍအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ တပ်မတော် အခန်းကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကညီလာခံသို့ ရှင်းလင်း တင်ပြခဲ့ပြီး ထိုရှင်းလင်းတင်ပြချက်အပေါ် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့တို့က မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကြကာ အကြံပြုချက်စာတမ်းများ ပြုစုလျက် ရှိကြကြောင်း။

လေ့လာပြင်ဆင်ဆောင်ရွက်

မိမိတို့ကော်မရှင်အနေဖြင့် အမျိုးသားညီလာခံသို့ ဆက်လက်တင်ပြသွားရန်ရှိသည့် ရွေးကောက်တင်မြှောက် ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလ ဆိုင်ရာပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက် များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းဆိုသည့် ကျန်ရှိသော အခန်းခုနစ်ခန်းအတွက် လိုအပ်သည်များ လေ့လာပြင်ဆင် ဆောင်ရွက်ထားရန်ရှိကြောင်း။

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်း ကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့အနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အမျိုးသားညီလာခံ အောင်မြင်ပြီးဆုံး သည်အထိ တက်ညီလက်ညီပူးပေါင်း ဆောင်ရွက်သွားကြ ရန်နှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ နေထိုင် စားသောက်ရေး၊ ကျန်းမာရေး တို့မှအစ အစစအရာရာ အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ပေးကြရန် ဆွေးနွေး မှာကြားသည်။

ထို့နောက်ကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက တင်ပြသည့် စာတမ်းများကို လေ့လာ ဆွေးနွေးကြပြီး အမျိုးသားညီလာခံသို့ ဆက်လက်တင်ပြ သွားရန်ရှိသည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးမှာကြားပြီး နံနက် ၁၁နာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သွေးကပြောသော တာဝန်

☆ အခြေခံဥပဒေ
အမြုတေတည့်
ပြုပေနှိုင်းဆ
အသက်တမျှ။

☆ အသက်တမျှ
အနဂ္ဃတည့်
ခက်မသုံးဖြာ
ပေါ်ထွက်လာ၏
ပမာတင်သော်
မိခင်မြန်မာ
သားသုံးဖြာသို့
ရေးရာဖော်ညွှန်း
တင်မော်ကွန်းတည့်။

☆ "ဥပဒေပြုရေး၊
အုပ်ချုပ်ရေးနှင့်
တရားစီရင်ရေး"
သည်သုံးရေးကား
သွေးရင်းသားချင်း
ညီကိုရင်းသို့
ချင်းချင်းပြန်လှန်
တည့်မတ်ရန်မို့
အခြေခံဥပဒေ
ပေါ်ထွန်းစေရန်
ညီလာခံကို
ထောက်ခံပြည်သူ
ရည်တူဆန္ဒ
ဖော်ထုတ်ကြသည်
သွေးကပြောသော
တာဝန်တည်း။ ။

(အမျိုးသားညီလာခံကို
ကြိုဆိုဂုဏ်ပြုလျက် . . .)

တက္ကသိုလ်တင်ဝ

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အစည်းအဝေးများကျင်းပ
အကြံပြုချက်စာတမ်းများ ပြုစုတင်ပြနိုင်ရေး တာဝန်ပေးအပ်ပြီး စာတမ်းများပြုစု

ရန်ကုန် ဇန်နဝါရီ ၁၂

အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရန်ကုန်တိုင်းမှ ဦးမြအေးက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်နှင့် စစ်ကိုင်း တိုင်းမှ ဦးကံညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ (၄)၌ ကျင်းပရာသဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ သဘာပတိ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ဦးရှိသည် တွင် ရာခိုင်နှုန်းပြည့် ၉၃ ဦးစလုံး တက်ရောက်ကြသည့် အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဦးမြအေးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ ရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များဆိုင်ရာအခန်းနှင့် တပ်မတော် အခန်း ကဏ္ဍတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရ မည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်း အဝေးသို့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ ၏ အကြံပြုချက်စာတမ်း ပြုစုတင်ပြနိုင်ရေးအတွက် စာတမ်း ပြုစုရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာ စကားပြောကြားပြီး အစည်းအဝေးအပြီးတွင် သဘာပတိအဖွဲ့ ဝင်များနှင့် စာတမ်းပြုစုရေးအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြသည်။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်း အဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေး က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်း (အနောက်)မှ ဦးကျော်မျိုးဝင်းနှင့် မန္တလေးတိုင်းမှ ဦးကျော် ဝင်းထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်း အဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက် ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၇ဦးရှိသည်တွင် ရာခိုင်နှုန်းပြည့် ၄၇ဦးစလုံး တက်ရောက်ကြသည့်အတွက် အစည်းအဝေး **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမေရိကန်အစိုးရ၏ ပြည်ဝင်ခွင့်အစီအစဉ်ကို ဗဟိုအမေရိကဒေသမှဝန်ကြီးများက ပယ်ချ

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၁

ဗဟိုအမေရိကဒေသမှနိုင်ငံခြားရေးဝန်ကြီးများက အမေရိကန်အစိုးရ၏ ပြည်တွင်းဝင်ရောက်နေထိုင်မှု အစီအစဉ်နှင့် စပ်လျဉ်း၍ ဆန့်ကျင်ကြောင်း ပူးတွဲကြေညာချက်တစ်ရပ်ကို တနင်္လာနေ့တွင် ထုတ်ပြန်လိုက်သည်။

အမေရိကန်နိုင်ငံသို့ လုပ်ငန်းရှာဖွေရန်ခရီးသွားသူများ၏ ရပိုင်ခွင့်များကာကွယ်စောင့်ရှောက်ရန် နည်းလမ်းများ ရှာဖွေသည့်အနေဖြင့် မက္ကဆီကို၊ ကိုလံဘီယာ၊ ကော့စတာရီကာ၊ ဂွာတီမာလာနှင့် အခြားဗဟိုအမေရိကဒေသနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက တနင်္လာနေ့တွင် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ဆွေးနွေးခဲ့ကြသည်။

အမေရိကန် ပြည်တွင်းဝင်ရောက်သူများအား ရာဇဝတ်သားများကဲ့သို့ပြုမူဆက်ဆံခြင်းမပြုသင့်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရက မက္ကဆီကိုနယ်စပ်ရှိ တံတိုင်းကို ကီလိုမီတာ ၁၂၀၀အထိနောက်ထပ်တိုးချဲ့ ကာရံပြီး နယ်စပ်ဒေသတွင် စောင့်ကြပ်ရန် တပ်ဖွဲ့ဝင်ဦးရေ တိုးမြှင့်ထားကာ အမေရိကန်နိုင်ငံအတွင်းသို့ စာရွက်စာတမ်း အထောက်အထားများမပါဘဲ ဝင်လာသူများအား မူရင်းတိုင်းပြည်သို့ ပြန်ပို့ရမည့်အစား အကျဉ်းချထားသည့် အစီအစဉ်ကို ဖော်ဆောင်ခဲ့သည်။ အမေရိကန် အောက်လွှတ်တော်က ယင်းအစီအစဉ်ကို ဒီဇင်ဘာ ၁၆ရက်က သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်အစိုးရက အမေရိကန်ပြည်တွင်းသို့ ဝင်လာသူများ၏ အခွင့်အရေးများကို အာမခံချက်ပေးရန်နှင့် အလုပ်သမားဥပဒေများကို လေးလေးနက်နက်လိုက်နာရန် အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ဗဟို အမေရိကဒေသနိုင်ငံများမှ အစိုးရများအနေဖြင့် ၎င်းတို့ပြည်သူများ၏ တရားဝင် ရပိုင်ခွင့်များအတွက် ကာကွယ် စောင့်ရှောက်ပေးမှုကိစ္စတွင် အလျှော့မပေးဘဲ ကြိုးပမ်းသွားမည်ဟု မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး ဒါးအက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ပ်ဟွာ။

အီရန် အနောက်မြောက်ပိုင်းတွင် ပျက်ကျခဲ့သော အီရန်တပ်ဖွဲ့မှ ဂျက်လေယာဉ်၏ အပျက်အစီးများကို ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင် ၁၄ ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၁

အီရတ်နိုင်ငံတွင် ဗုံးဖောက်ခွဲသူနှစ်ဦးက ဘဂ္ဂဒက်မြို့တော်အရှေ့ပိုင်းရှိပြည်ထဲရေးဝန်ကြီးဌာန ခြံဝင်းအတွင်း တနင်္လာနေ့ကဗုံးဖောက်ခွဲသဖြင့် အီရတ်ရဲတပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံးပြီး ၂၂ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်းဖြင့် ပြည်ထဲရေး ဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာ သတင်းဌာနအား ပြောကြားသည်။

ဗုံးဖောက်ခွဲမှု နှစ်ကြိမ်ဖြစ်ပွားစဉ်အတွင်း ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့သည်ဟု ကနဦးပိုင်း သတင်းအရသိရှိရသည်။

ဗုံးဖောက်ခွဲသူနှစ်ဦးက ပြည်ထဲရေးဝန်ကြီးဌာန ခြံဝင်းအဝင် ဂိတ်ပေါက်မှဝင်လာပြီး ည ၁၂နာရီ ၅ မိနစ်တွင် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

အီရတ်တပ်ဖွဲ့ ဖွဲ့စည်းမှု (၈၄) နှစ်မြောက် အခမ်းအနား ကျင်းပနေစဉ်အတွင်း ယင်းဗုံးဖောက်ခွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အမေရိကန်သံအမတ်ကြီး ဇယ်မေခါလီဇက်၊ အီရတ်ကာကွယ်ရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးတို့ ယင်းအခမ်းအနားသို့ တက်ရောက်နေကြသည်ဟု သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ပ်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်နေသောအပေါင်းပါတပ်ဖွဲ့မှ ယာဉ်များကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဥရောပဒေသတွင် စီအိုင်အေအကျဉ်းစခန်းများရှိသည်ဟူသော သတင်းပေါက်ကြားမှုကိစ္စ ဆွစ်ဇာလန်ပါလီမန် စုံစမ်းမည်

ဂျီနီဗာ ဇန်နဝါရီ ၁၁

ဥရောပဒေသတွင် စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်းများရှိသည်ဟု အသေးစိတ်ဖော်ပြထားသည့် လျှို့ဝှက်သတင်းပေါက်ကြားမှုကိစ္စကို ဆွစ်ဇာလန်ပါလီမန်တွင် စတင်စစ်ဆေးတော့မည်ဖြစ်ကြောင်းဖြင့် နိုင်ငံတကာ ဆွစ်ရေဒီယို (အက်စ်အာအိုင်)က အင်္ဂါနေ့တွင် ဖော်ပြသည်။

ဆွန်တက်ဘလစ် သတင်းစာက အဆိုပါ အထူးသတင်းကို မည်သို့ မည်ပုံရရှိခဲ့သည်ကို ပါလီမန်ဆပ်ကော်မတီအား ဦးဆောင်နေသူ ဟန်းစ်ဟော့ဖ်မန်းက ကြိုးပမ်းဖော်ထုတ်ရန် ဆုံးဖြတ်ထားသည်ဟု ပြောကြားသည်။

ဥရောပဒေသတွင် စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်းများ တည်ရှိကြောင်း အခိုင်အမာဖော်ပြထားသည့် သတင်းကို အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက လန်ဒန်ရှိအီဂျစ်သံရုံးသို့ ဖက်စ်ဖြင့်ပေးပို့ခဲ့ပြီး ယင်းသတင်းမိတ္တူကို ဆွန်တက်ဘလစ်သတင်းစာက လွန်ခဲ့သည့်တနင်္ဂနွေနေ့တွင်ရရှိခဲ့သည်ဟုပြောကြားခဲ့သည်။ ဆွစ်ထောက်လှမ်းရေးဌာနက ယင်းဖက်စ်သတင်းကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလအတွင်းက ကြားဖြတ်ယူခဲ့သည်။

ကြိုးပမ်း

ယင်းသတင်းမှတ်တမ်းသည် ပြည်သူလူထုအတွင်း အသိပေးရန်မဟုတ်ကြောင်း၊ ယင်းလျှို့ဝှက်သတင်း ပေါက်ကြားမှု၏ ဇာစ်မြစ်ကို ဆုံးဖြတ်နိုင်ရန်အတွက် အသေအချာ လေ့လာမှုပြုလုပ်ရမည်ဖြစ်ပြီး နောက်ထပ် ယင်းသို့မဖြစ်ပေါ်ရန် ကြိုးပမ်းရမည်ဟု အက်စ်အာအိုင်ကဟော့ဖ်မန်းအား ကိုးကား၍ ကြေညာသည်။

ကသိကအောင့်

ဥရောပဒေသတွင်အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်းခံရသူများအား ထိန်းသိမ်းထားသော အမေရိကန်အကျဉ်းစခန်းများနှင့် ပတ်သက်နေသည့် အထောက်အထားရှိသည်ဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း ဆွစ်အစိုးရက အခိုင်အမာငြင်းဆိုခဲ့ပြီးနောက် ပါလီမန်တွင် စစ်ဆေးရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ပ်ဟွာ။

ယူဂန္ဓာတွင် ဝက် ၂၀၀၀ကျော် အဖျားရောဂါတစ်မျိုးကြောင့်သေဆုံး

ကမ်ပါလာ ဇန်နဝါရီ ၁၁

ယူဂန္ဓာ အနောက်မြောက်ပိုင်းဒေသရှိ အဂျူမန်နီခရိုင်တွင် အာဖရိကဝက် အဖျားရောဂါတစ်မျိုးကြောင့် ဝက်ကောင်ရေ ၂၀၀၀ ကျော်သည် လွန်ခဲ့သည့် ရက်သတ္တပတ်က သေဆုံးခဲ့ကြောင်းဖြင့် ဒေသခံသတင်းမီဒီယာက တနင်္လာနေ့တွင် ဖော်ပြသည်။

အခြားဝက် အများအပြားကို ဒေသခံများထံသို့ ပေးဝေနေချိန်တွင် ကျေးရွာများတွင် ဒါဇင်ချီကာ ဝက်များ သေဆုံးလျက်ရှိသည်ဟု အဂျူမန်နီမှလာသည့် အတင်းများအရ သိရှိရသည်။

ဖော်ပြပါဒေသတွင် အဖျားရောဂါတစ်မျိုးကြောင့် ဝက်များသေဆုံးသည့် သတင်းသည် မှန်ကန်သည်ဟု ဒေသခံတိရစ္ဆာန်ဆေးကုအရာရှိ ဒွါတီလီက အတည်ပြုပြောကြားပြီး ၎င်းတို့၏ဌာနက ယင်းရောဂါ အခြားဒေသသို့ မကူးစက်စေရေးအတွက် ထိန်းချုပ်ရန် ကြိုးပမ်းနေသည်ဟု ပြောကြားသည်။

ယင်းရောဂါဖြစ်ပွားခဲ့သည့် ဒေသများတွင် ပါကယ်လီ၊ ခိုင်ပီနှင့် အေဖျူအာ တို့ပါဝင်ပြီး ဝက် ၁၅၀၀ ကျော်တို့ လွန်ခဲ့သည့် ငါးရက်တွင်း သေဆုံးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ပ်ဟွာ။

ကော်လိုရာဒိုပြည်နယ်၌ တောမီးလောင် ဒေသခံများအား ပြောင်းရွှေ့ပေးရ

ဝါရှင်တန် ဇန်နဝါရီ ၁၀

အမေရိကန်နိုင်ငံကော်လိုရာဒိုပြည်နယ်တောင်ပိုင်းဒေသတွင် လေပြင်းတိုက်ခတ်မှုနှင့်အတူ တောမီးလောင်မှုကြောင့် အိမ်ခြေငါးလုံးထက်မနည်း ပျက်စီးခဲ့ရပြီး ရာထောင်ချီရှိသည့် ဒေသခံများကို ဘေးကင်းလွတ်ရာဒေသသို့တနင်္ဂနွေနေ့တွင် ပြောင်းရွှေ့ပေးခဲ့ရကြောင်းဖြင့် ဒေသခံ အမေရိကန်အာဏာပိုင်များက ပြောကြားကြသည်။

ဟူအာဖနိုနှင့် လတ်စ်အနီမတ်ခ်ဒေသရှိ သစ်တောဧက ၅၄၀၀ (ဟက်တာ ၂၁၆၀) မီးလောင်ခဲ့သည်ဟု ဆိုသည်။ လေပြင်းတိုက်ခတ်မှုကြောင့် လောင်ကျွမ်းနေသောမီးကို ငြိမ်းသတ်ရန်အတွက် မီးသတ်ဆေးရည်ကို လေယာဉ်ပေါ်မှ ဖျန်းပေးနိုင်ခြင်းမရှိခဲ့ဟု ဟူအာဖနိုဒေသ ရဲအရာရှိရုံးမှ မာတီနက်ဇ်က ပြောကြားသည်။

ရာသီဥတု ခြောက်သွေ့မှု၊ အပူရှိန်ပြင်းထန်မှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် တောမီးလောင်မှုများသည် ကော်လိုရာဒိုအပြင်အခြားအိုကလားမား၊ တက္ကဆပ်နှင့် နယူးမက္ကဆီကိုပြည်နယ်များဆီသို့ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ပျံ့နှံ့သွားခဲ့သည်။ ပြည်နယ်များတွင်တောမီးလောင်မှုကြောင့် လူငါးဦး သေဆုံးခဲ့ပြီး အိမ်ခြေ ၄၇၅လုံး ဆုံးရှုံးပျက်စီးခဲ့သည်။

အမ်အင်အေ၊ဆင်ပ်ဟွာ။

မော်တော်ယာဉ်နှင့်စက်ဘီးစီးသူများ တိုက်မိ စက်ဘီးစီးသူ လေးဦးသေဆုံး

လန်ဒန် ဇန်နဝါရီ ၁၁

ဗြိတိန်နိုင်ငံဝေလပြည်နယ်မြောက်ပိုင်းဒေသတွင် တနင်္ဂနွေနေ့က မော်တော်ယာဉ်တစ်စီးနှင့် စက်ဘီးစီးသူအုပ်စုတစ်စုတို့ ဝင်တိုက်မိကြရာ ကလေးတစ်ဦးအပါအဝင် လူလေးဦး သေဆုံးခဲ့ကြောင်းဖြင့် ရိုက်တာသတင်းအရ သိရှိရသည်။

တိုယိုတာကော်ရိုလာ မော်တော်ယာဉ်မတော်တဆဖြစ်မှုကြောင့် လူသုံးဦးနှင့် ကလေးတစ်ဦးသေဆုံးခဲ့ပြီး အခြားယာဉ်မတော်တဆဖြစ်မှုတွင် ရှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

လူသုံးဦးတွင် ဒဏ်ရာအနည်းငယ်စီရရှိခဲ့ပြီး လူလေးဦးမှာ ဆိုးဆိုးရွားရွားဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိဟု သိရသည်။

ရှစ်ဦးမြောက်လူ၏ အခြေအနေနှင့်ပတ်သက်၍ မသိရသေးဟု ဆိုသည်။

မော်တော်ယာဉ်မောင်းကို ဆေးရုံသို့ ပို့ဆောင်လိုက်ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အဘာဂျယ်လီဒေသ လမ်းပေါ်တွင် နံနက် ၁၀ နာရီနောက်ပိုင်းက ယင်းဖြစ်ရပ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ် ယင်းလမ်း အသွားအလာကို ပိတ်ထားခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ရဝမ်ဒါတွင် ဝမ်းရောဂါဖြစ်ပွား၍ လူ ၁၇ဦး သေဆုံး

ကီဂါလီ ဇန်နဝါရီ ၁၁

ရဝမ်ဒါနိုင်ငံတွင် ဝမ်းရောဂါမကြာမီရက်အတွင်းက ကျရောက်ခဲ့သဖြင့် သေဆုံးသူဦးရေသည် ၁၇ဦးအထိရှိသွားပြီဖြစ်ကြောင်းဖြင့် တာဝန်ရှိ ပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားသည်။

မိမိတို့အနေဖြင့်ဝမ်းရောဂါကျရောက်မှု အန္တရာယ်ဖြင့် ကြုံတွေ့ခဲ့ပြီဖြစ်ကြောင်း၊ လူ ၁၅၀တို့ကို မာဆာကာ ဆေးရုံသို့ တင်ထားခဲ့ကြောင်း၊ လူ ၈၀မှာ ဆေးဝါးကုသပြီး ဆေးရုံမှ ဆင်းသွားခဲ့သည်ဟု ရဝမ်ဒါနိုင်ငံ၏ မြို့တော်ကီဂါလီမှ အမှုဆောင် အတွင်းရေးမှူး ဒါယီဆာဘာက ပြောကြားသည်။

ညစ်ညမ်းမှုရှိ

ဒီဇင်ဘာလကဖြစ်ပွားခဲ့သည့် ယင်းဝမ်းရောဂါသည် ညစ်ညမ်းမှုရှိသည့် ညာဆာရွှန်ရှိမြစ်ရေကို သောက်သုံးမှုကြောင့်ဖြစ်ရသည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

နိုင်ငံပိုင်ရေနှင့် သန့်ရှင်းရေးဌာနအနေဖြင့် ရေပိုက်ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု တာဝန်ရှိသူပုဂ္ဂိုလ်က ပြောကြားသည်။

မိမိတို့က မြို့တော်ကောင်စီ၏ ဝန်ထမ်းများ၊ ကြည်းတပ်နှင့် စေတနာ့ဝန်ထမ်းများ အကူအညီဖြင့် သန့်ရှင်းသည့်ရေကို အဆိုပါဒေသသို့ ဖြန့်ဖြူးနိုင်ရန် ကြိုးပမ်းနေသည်ဟု ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ဆင်ပ်ဟွာ။***

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက်သယံဇာတကဏ္ဍ

တပ်မတော်အစိုးရလက်ထက် သတ္တုတွင်းထွက်သယံဇာတများ တိုးတက်ထွက်ရှိ

လုပ်ကွက်များဖော်ထုတ်တွင်းထွက်သယံဇာတများတိုးတက်ထွက်ရှိလာ

တပ်မတော်အစိုးရသည် နိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သတ္တုတွင်းထွက် သယံဇာတများကို ကိုယ်ပိုင်စွမ်းပကားများဖြင့် နယ်မြေဒေသအနှံ့တွင် အစွမ်းကုန်ရှာဖွေ ထုတ်လုပ်လျက်ရှိသဖြင့် တွင်းထွက်သယံဇာတများ ယခင်နှင့်မတူ နှစ်စဉ်တိုးတက်ထွက်ရှိလာပေသည်။

မြန်မာနိုင်ငံတွင် အဓိကထွက်ရှိသော တွင်းထွက်လောင်စာပစ္စည်းများတွင် ကျောက်မီးသွေး တွင်းထွက်သယံဇာတများလည်းပါဝင်သည်။ ယခင် ခေတ်ကာလက ကလေးဝကျောက်မီးသွေး လုပ်ကွက်နှင့် လားရှိုးမြို့အနီးရှိ နမ္မာကျောက်မီးသွေး လုပ်ကွက်နှစ်ကွက်သာရှိခဲ့ရာမှ ယခုအခါ ကျောက်မီးသွေး လုပ်ကွက် ၈၂ကွက်အထိ တိုးတက်ဖြစ်ပေါ်လာခဲ့သည်။ ယင်းသို့ တိုးတက် ဖြစ်ပေါ်လာခဲ့သဖြင့် ပြည်တွင်းကျောက်မီးသွေး အသုံးပြုမှုကို အထောက်အကူဖြစ်စေပြီး လောင်စာစွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိပေသည်။

မြန်မာနိုင်ငံတွင် ယခင်က ခနောက်စိမ်းလုပ်ကွက်၊ မာဘယ်(လ်)လုပ်ကွက်၊ မီးခံမြေစေးလုပ်ကွက်၊ မြေဖယောင်းလုပ်ကွက်များ မည်မည်ရရ မရှိခဲ့ရာမှ ယခုအခါ ခနောက်စိမ်းနှင့်မာဘယ်(လ်)လုပ်ကွက် ၆၈ကွက်စီ၊ မီးခံမြေစေး ၁၈ကွက်၊ မြေဖယောင်း ၁၁ကွက်နှင့် သဲကျောက် နှစ်ကွက် ပေါ်ထွက်လာခဲ့သည်။ ထို့အပြင် ယခင်က ဂေါ်ဒန်လုပ်ကွက် တစ်ကွက်သာရှိရာမှ ယခုအခါ ခုနစ်ကွက်အထိ တိုးတက်ဖြစ်ပေါ်လာခဲ့သည်။

တပ်မတော်အစိုးရလက်ထက်တွင် အကောင်အထည် ဖော်နိုင်ခဲ့သော သတ္တုတွင်းထွက်သယံဇာတလုပ်ကွက်များမှ တိုးတက်ထွက်ရှိလာသော တွင်းထွက် သယံဇာတများကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

ရှမ်းပြည်နယ်(တောင်ပိုင်း) တီကျစ်ဒေသမှ ထွက်ရှိသည့် ကျောက်မီးသွေး လောင်စာများကို အသုံးပြုလည်ပတ်လျက်ရှိသည့် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

တိုးတက်ထွက်ရှိလာသော သတ္တုတွင်းထွက် သယံဇာတများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ကျောက်မီးသွေးထွက်ရှိမှု(မက်ထရစ်တန်)	၃၉၃၃၂	၃၆၇၀၂၅	၃၂၇၆၉၃
၂	ခနောက်စိမ်းထွက်ရှိမှု(မက်ထရစ်တန်)	–	၅၄၇၀	၅၄၇၀
၃	မာဘယ်(လ်)ထွက်ရှိမှု(မက်ထရစ်တန်)	–	၄၀၆၄	၄၀၆၄
၄	ဂေါ်ဒန်ထွက်ရှိမှု(မက်ထရစ်တန်)	၂၁၁၈၈	၇၂၁၉၆	၅၁၀၀၈
၅	မီးခံမြေစေးထွက်ရှိမှု(မက်ထရစ်တန်)	–	၄၃၆၅၄	၄၃၆၅၄
၆	မြေဖယောင်းထွက်ရှိမှု(မက်ထရစ်တန်)	–	၇၃၁၇	၇၃၁၇
၇	သဲကျောက်ထွက်ရှိမှု(မက်ထရစ်တန်)	–	၁၀၅၃၃	၁၀၅၃၃

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူ တကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဝိနည်းစာပြန်ပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ဖြူးကုန်းတောရ စာသင်တိုက်၌ ဇန်နဝါရီ ၁၇၊ ၁၈၊ ၁၉ ရက်များတွင် (၂၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကိုလည်းကောင်း၊ ၂၀၊ ၂၁၊ ၂၂ရက်များတွင် ရွှေကျင်ဂိုဏ်း အင်းစိန်မြို့နယ် ဝိနည်းပြန်ဌာန စတုတ္ထအကြိမ် ဝိနည်းစာပြန်ပွဲတော်ကိုလည်းကောင်း ကျင်းပမည်ဖြစ်ပြီး၊ ဝိနည်းစာပြန်ပွဲ အထူးတရားပွဲများအဖြစ် ဇန်နဝါရီ ၂၀ ရက်တွင် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ တိပိဋကရေ(ယော)ဆရာတော်၊ ၂၁ ရက်တွင် ဘဒ္ဒန္တသုမင်္ဂလ(ဝေါ) နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့် ၂၂ ရက်တွင် တွံတေး–ဘဒ္ဒန္တကုဏ္ဍက သီရိမင်္ဂလာမဟာစည်ရိပ်သာ(မြောက်ဒဂုံ)တို့က ဟောကြားတော်မူကြမည်ဖြစ်သည်။ (က–ပ)

ဓမ္မဒူတဆရာတော်ဓမ္မခရီးစဉ်

ရန်ကုန် ဇန်နဝါရီ ၁၂

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတကျောင်းဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရသည် ဇန်နဝါရီ ၁၁ရက်တွင် ဉာဏဗလ စာပြန်ပွဲ ပဲခူး၊ ၁၂ရက်တွင် ကွင်းကောက်တရားစခန်း ငွေရတုသဘင်တို့၌ ဟောကြားခဲ့ပြီး ၁၃ရက်တွင် (သုံးခွမြို့)၊ ၁၄ရက်တွင် သမ္မာဆန္ဒဆွမ်းအောင်ပွဲ သာယာဝတီမြို့၊ ၁၅ရက်တွင် အပင်နှစ်ဆယ် ပုသိမ်မြို့၊ ၁၆ရက်မှ၁၉ရက်အထိ ဘုရားနီတရားစခန်း ဒါးကမြို့၊ ၂၀ရက်တွင် ရွှေဥမင် တောရ၊ မြောက်ဥက္ကလာပ(နံနက်)၊ ယင်းနေ့ညပိုင်းတွင် ပေါက်စေတီကျောင်း တိုက်(မရမ်းကုန်း)၊ ၂၁ရက်တွင် ရှစ်မျက်နှာ သုံးခွမြို့၊ ၂၂ရက်တွင် ဓမ္မဒူတတောရ ပဲခူး ဆယ်မိုင်ကုန်း၊ ၂၃ရက်တွင် မွေးနေ့ဝိနယတံခွန်တရားပွဲ ပဲခူးမြို့၊ ၂၄ရက်တွင် မြောင်းမြကျောင်းတိုက် ပုသိမ်မြို့၊ ၂၅ရက်မှ ၃၁ရက်အထိ နဝရတ်ဓမ္မာရုံ၊ သိမ်ဇရပ်တို့တွင် တရားတော်များဟောကြားမည်ဖြစ်သည်။ (က–ပ)

ဒီဂျစ်တယ်ဗွီးရှင်းကင်မရာ ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်နှင့် မန္တလေးမြို့များရှိ Blazon Department Store များ၌ Digital Camera အရောင်းမြှင့်တင်ရေး အစီအစဉ်အရ အထူးခင်းကျင်းပြသရောင်းချပွဲကို ဇန်နဝါရီ ၇ရက်မှ ၁၅ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ည ၈နာရီခွဲအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၇၂) ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်ရှိ Blazonအဆောက်အအုံနှင့် မန္တလေးမြို့ အမှတ်(၄၆၂) လမ်း ၈၀၊ ၂၈လမ်းနှင့် ၂၉လမ်းကြားရှိ Blazon အဆောက်အအုံတို့၌ ကျင်းပလျက်ရှိသည်။

အဆိုပါ အရောင်းမြှင့်တင်ရေးအစီအစဉ်သည် မည်သည့်နေရာတွင်မှ ပြုလုပ်ခဲ့ခြင်းမရှိသေးသည့် ထူးခြားသော အရောင်းမြှင့်တင်ရေးပွဲဖြစ်ပြီး ဒီဂျစ်တယ်ကင်မရာကောင်းများကို ဝယ်ယူလိုသူများအတွက် ပစ္စည်းစစ်၊ ပစ္စည်းမှန်များကို ဈေးနှုန်းချိုသာစွာဖြင့်လည်းကောင်း၊ Canon, Panasonic နှင့် Sony Digital Cameraများကို အထူးဈေးနှုန်းများဖြင့် လည်းကောင်း ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများသည် Memory Card အပါအဝင် အခြားလက်ဆောင်များလည်း ရရှိမည်ဖြစ်သည်။ (သတင်းစဉ်)

ခင်းကျင်းပြသ

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Blazon **အဆောက်အအုံတွင် ဒီဂျစ်တယ်ကင်မရာများ ခင်းကျင်းပြသရောင်းချစဉ်။** (သတင်းစဉ်)

ဇန်နဝါရီ ၃ ရက်က တာမွေမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၇)တွင် ပညာရေး စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအကျိုးတော်ဆောင် နာယက ရွှေမြင့်တင်ဦးညိုအား မိဘဆရာအသင်းမှ ဂုဏ်ပြုလက်ဆောင်ကို ကျောင်းအကျိုးတော်ဆောင် နာယက သောကြာဦးမောင်ကလေးက ပေးအပ်စဉ်။ (ပညာရေး)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅)အခြေခံပညာ မူလတန်းကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်က သူငယ်တန်းမှ ပထမဆုရ မဟာန်နီဦးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ပြာသိုမှာ ခွာညိုသင်းပါလို့

ခိုင်ရွှေကြာ

ပြာသိုမှာ ခွာညိုပန်းက
ပွင့်လန်းလို့ ရနံ့ကြိုင်။
ဖုသျှ စန္ဒီတို့
ယှဉ်ပြိုင်ညီ ကောင်းကင်လမ်းက
လှမ်းကြ တူပြိုင်။
ရွှေရာသီ မကာရပေပ
မြင်းခင်းလ မြိုင်မြိုင်
ဂနိုင်လို နှင်းရည်ရွှဲ။
အချမ်းငယ်ပို နေမင်းဗာဟီခိုလို့
နေ့တာတို သည့်ရတုမှာ
လွမ်းမှုကကဲ။
မြောက်လေပြည် ဆော်သွေးလို့
အေးလှတဲ့ လပြာသို နှင်းကစိုစို။
မြခွာညို ပင်ပျိုထက် ပွင့်ဖူး။
ဥဩတွန်သံသာလို့
ရွှေလင်းပြာ ကူပုံဆန်းတယ်
လွမ်းချက်ကထူး။ ။

နှင်းတဖွဲဖွဲကျ၍ အလွန်အေးမြလှသော ပြာသိုလ၌ ရာသီအလိုက် ရာသီအမှန်ဖူးကြပွင့်ကြသော ခွာညိုပန်းမာလာတို့သည် ပြာသိုလဆန်းလာပြီဆိုမှဖြင့် စိမ်းစိုနေသော အညှာတံကလေး၊ ဖြူလွှင်တောက်ပနေသော ဝတ်ဆံကလေး၊ ပြာလဲ့နေသော ဖူးခွံဖူးဖတ်ကလေးများဖြင့် သူတို့တာဝန်ကျေပွန်သည့်အနေဖြင့် ဖူးပွင့်ဝေဆာ အလှဖြာနေကြပါသည်။

ရွှေလင်းပြာငှက်ငယ်လေးတို့သည်လည်း သူ့အချိန်သူ့ရာသီတိုင်း အချိန်ကျလာပါက ကူကြတွန်ကြ မြဲဖြစ်ပါသည်။ သူတို့ အချိန်မကျသေး၍ မကူကြ မတွန်ကြသေးသော်လည်း ဤပြာသိုလ၌ကား ဘာသာဘာဝ အချင်းချင်း ဖိုသံ မသံ ပေးကာ ပျော်မြူးရွှင်ပျကြလျက် ကူကြတွန်ကြပါတော့သည်။

ကဗျာ့ပါရဂူ ကဗျာ့ဝိဒူပုဂ္ဂိုလ်ကျော်တို့ ကဗျာဉာဏ် ကွန့်မြူးကာ စာဖွဲ့လောက်သော ပြာသိုလ၌ကား မြောက်ပြန်လေညင်းကလေး တသွေးသွေး တိုက်ခတ်လာပြီဖြစ်သောကြောင့် ပုလဲဥကလေးများပမာ ငွေနှင်းကလေးမှာ တဖွေးဖွေးကျဆင်းလျက် တစိမ့်စိမ့်အေးမြလာပြီဖြစ်ပါသည်။

မြန်မာဘာသာ ပြာသိုလခေါ်သည်မှာ အမရကောသ အဘိဓာန်ကျမ်းသင်္ဂဝဂ်တွင် ဖုသာ ယုတ္တာ ပုဏ္ဏမာသီပေါသီ။ ဖုသာ ယုတ္တာ၊ ဖုသျှနက္ခတ်နှင့် ယှဉ်သော ပုဏ္ဏမာသီ လပြည့်နေ့သည်။ ပေါသီ-ပြောသည် မည်၏။ ဟူ၍လာသည်။ ရာဇမတ္တန်ကျမ်း၌လည်း **"ပေါသီ"** ပြာသိုလဟု အနက်ဆိုသည်။ ထိုပေါသီကိုပင် သက္ကတအလို ရရစ်နှင့် ပြောသီဖြစ်သည်။ ထိုပြောသီပင် ကာလကြာရှည်လာ၍ မြန်မာဘာသာ ပြာသိုလခေါ်ကြသည်ဟု ယူဆကြသည်။

ယုတ္တိတစ်မျိုးမှာ။ ။ ဇွတ္တ၊ ဤပြာသိုလ၌။ ပရံ-အတိရေကတရံ၊ အထူးသဖြင့် လွန်စွာ (ဝါ) လွန်ကဲစွာ။ သီတလံ အေးမြချမ်းစိမ့်ခြင်းသည်။ အတ္ထိ-ရှိ၏။ ဣတိ-ထိုကြောင့်။ ပြာသို ပြာသိုမည်၏။ အဆိုအရ လွန်ကဲစွာ အေးမြချမ်းစိမ့်ခြင်းရှိသော ပြာသိုလဟု မြန်မာဘာသာ မှတ်တမ်းအစဉ်အလာရှိခဲ့ပါသည်။

ပြာသိုလ၏ ထေရဝါဒဗုဒ္ဓဘာသာ ထူးခြားချက်မှတ်တမ်းကမူ ဘုရားရှင်၏ မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ရှင်တစ်ထောင် ချွတ်ပွဲဖြစ်ပါသည်။ အတ္တစွဲ အလွန်ကြီးမားလွှမ်းမိုးနေသော ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဟူ၍ ခေါင်းဆောင်ရသေ့ သုံးဦးရှိပါသည်။

နောင်တော်ကြီး ဥရုဝေလကဿပသည် ကြီးစွာသော သဲအစုရှိသော ဥရုဝေလတောတွင် နောက်လိုက်ရသေ့ ငါးရာနှင့်အတူ ဦးဆောင်ကြီးမှူးသူအဖြစ် နေထိုင်လျက်ရှိသည်။ ညီအလတ် နဒီကဿပသည် ရွှေခွက်မှောရာ စိမ်းညို့သော ရေအလျဉ်ရှိသော နေရဉ္ဇရာမြစ်ကမ်းတစ်နေရာတွင် နောက်လိုက်ရသေ့ သုံးရာနှင့်အတူ သူကခေါင်းဆောင်အဖြစ် အုပ်ချုပ်ကာ နေထိုင်လျက်ရှိပါသည်။

ညီအငယ် ဂယာကဿပသည် နေရဉ္ဇရာမြစ်ကမ်းအနီး၌ နောက်လိုက်ရသေ့နှစ်ရာနှင့်အတူ နောက်လိုက်ရသေ့တို့ကို အဆုံးအမ ဩဝါဒပေးကာ အုပ်ချုပ်ပြီး နေထိုင်ခဲ့ပါသည်။

ဘုရားရှင်သည် ပထမဝါကျွတ်ပြီးသောအခါ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကိုချွတ်ရန် ဥရုဝေလတောအုပ်သို့ ကြွတော်မူရာ တန်ဆောင်မုန်းလပြည့်နေ့တွင် ရောက်တော်မူပါသည်။ ရှေးဦးစွာ ဘုရားရှင်က နောင်တော်အကြီးဆုံး ဥရုဝေလကဿပထံ ချဉ်းကပ်၍ နဂါးကြီးရှိသော မီးတင်းကုတ်၌ နေခွင့်တောင်းကာ နဂါးကြီးကို တန်ခိုးတော်ဖြင့် နှိမ်နင်းပြသည်။ ထိုအခါ ဘုရားရှင်အား အလွန်ကြည်ညိုသွားသည်။ ဤအရပ်၌အမြဲနေပါရန် လျှောက်ထားပါသည်။ ဆွမ်းဝတ်ဖြင့် လုပ်ကျွေးရန် ခွင့်တောင်းသည်။ အံ့ဩခြင်းလည်း အလွန်ဖြစ်သွားသည်။ သို့သော်လည်း မိမိကဲ့သို့ ရဟန္တာမဖြစ်သေးဟု အထင်အမြင်ရှိနေပါသည်။

ဘုရားရှင်ထံသို့ ရောက်သောအခါ စတုမဟာရာဇ် နတ်မင်းကြီး၊ သိကြားမင်း၊ ဗြဟ္မာမင်းကြီးတို့ လာရောက်ပူဇော်ကြည်ညိုကြသည်ကို မြင်၍ ဘုရားရှင်သည် တန်ခိုးကြီးသည်ကို အသိအမှတ်ပြုသည်။ ကြည်ညိုသည်။ အလွန်အမင်းကြည်ညိုပါသည်။ သို့သော် မိမိကဲ့သို့ ရဟန္တာမဟုတ်သေးဟု အထင်အမြင်ကမူ ရှိမြဲဖြစ်နေပါသည်။ ဘုရားရှင်သည် တန်ခိုးအမျိုးမျိုးပြ၍ ချွေချွတ်သည်။ ဥရုဝေလကဿပကြီးကား မိမိကဲ့သို့ ရဟန္တာမဟုတ်သေးဟု အတ္တဝါဒုပါဒါန်လွှမ်းမိုးလျက်ပင် ရှိနေပါတော့သည်။

ဘုရားရှင်က "ကဿပ-သင်ကား ရဟန္တာလည်းမဟုတ်၊ အရဟတ္တမဂ်နှင့်ပြည့်စုံသူလည်းမဟုတ်၊ ရဟန္တာဖြစ်နိုင်သော အကျင့်လည်း သင့်မှာမရှိသေး"ဟု မိန့်ကြားလျက် ထိတ်လန့်စေသည်။ ဤစကားကို ကြားရုံမျှဖြင့် ဥရုဝေလကဿပသည် ပါရမီဓာတ်ခံရှိထားသူပီပီ အမှားကို ချက်ချင်းသိမြင်ကာ ရဟန်းပြုပေးပါရန် တောင်းခံသည်။ ပထမ ၅၀၀၊ ဒုတိယ ၃၀၀၊ တတိယ ၂၀၀၊ အားလုံးပေါင်း ၁၀၀၀ သော ရသေ့များသည် ဧဟိဘိက္ခုရဟန်းပြုကြကုန်သည်။ ဘုရားရှင်သည် ပြုသစ်စ ရဟန်း တစ်ထောင်နှင့်အတူ ဥရုဝေလတောမှ ဂယာသီသသို့ ကြွတော်မူသည်။

မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ပြာသိုလပြည့်နေ့တွင် "ဂယာသီသ" ကျောက်ဖျာပေါ်မှာ "အာဒိတ္တ ပရိယာယသုတ္တန်"ကို ဟောကြားတော်မူရာ အားလုံး ရဟန္တာဖြစ်ကုန်ကြသည်။

ပြာသိုလတွင် ရာသီအလိုက် ဖူးပွင့်သော ခွာညိုပန်းတို့၏ ရနံ့မှာ သင်းပျံ့ကြိုင်လှိုင်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံ့ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်ဆဲလုပ်ငန်းများအတွက် ဇန်နဝါရီ ၁၁ ရက်က နှစ်ဖက်သောမိဘများအား အမှူးထား၍ မော်လမြိုင် မြိုင်သာယာ ရာဇာဓိရာဇ်လမ်း၊ အမှတ် (၁၄၉)နေ ဦးမင်းဝေ-ဒေါ်မေမေစု မိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (၃၀၇)

ဓမ္မပူဇာတရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပုဇွန်တောင်မြို့နယ် အမှတ်(၈) ရပ်ကွက်လုံးဆိုင်ရာ သာသနာ့ရက္ခိတ ဓမ္မာရုံတွင် ဒုတိယအကြိမ်မြောက် ဓမ္မပူဇာ အထူးတရားပွဲကို ဇန်နဝါရီ ၁၇ ရက်တွင် မေတ္တာရှင်ဆရာတော် ဘဒ္ဒန္တဇဝန၊ ၁၈ ရက်တွင် ဆရာတော် ဓမ္မဒူတ ဘဒ္ဒန္တဆေကိန္ဒ၊ ၁၉ ရက်တွင် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ၂၀ ရက်တွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၊ ၂၁ ရက်တွင် (ရဝေနွယ်-အင်းမ) ဆရာတော် ဘဒ္ဒန္တရာဇိန္ဒတို့က ညစဉ် ၆ နာရီမှ ၇ နာရီအထိ ပုဇွန်တောင်မြို့နယ် အမှတ် (၈)ရပ်ကွက် ဒေါနလမ်း သာသနာ့ရက္ခိတ ဓမ္မာရုံတွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

လွတ်လပ်ရေးနေ့နှင့် အမျိုးသားညီလာခံ ဂုဏ်ပြု ကျိုက်လတ်မြို့၌ လမ်းနှင့်တံတားများဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၂

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် ကျိုက်လတ်မြို့နယ် ထင်းကွင်းကျေးရွာ အဝင်လမ်းနှင့် တံတားဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်တွင် အဆိုပါနေရာ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်က လမ်းနှင့်တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံကျေးရွာကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်လှနှင့် ထင်းကွင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ လမ်းနှင့်တံတားကို ဖွင့်လှစ်ပေးကြပြီး ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က လမ်းနှင့်တံတားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ လမ်းနှင့်တံတားမှာနိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး အရှည်ပေ ၁၃၀၀၊ အကျယ် ၁၀ပေရှိသည်။ တံတားမှာ သစ်သားတံတားဖြစ်ပြီး အရှည် ၇၂ပေ၊ အကျယ် ၁၂ပေရှိသည်။ (သတင်းစဉ်)

တာမွေမြို့နယ် အမက (၁၂) ဘက်စုံ ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရရှိသောစတုတ္ထတန်းမှ မပြည့်သက်ချယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီသိန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်းတပင်ရွှေထီးလမ်းနေ ဒေါ်စိန်စိန်၊ ဒေါ်မိမိလေး မိသားစုတို့က အလှူငွေကျပ်တစ်သိန်းတစ်ထောင်ကို ဒဂုံမြို့နယ်၊ အမှတ်(၁၂)၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝိဇာတမင်္ဂလာ ဓမ္မပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

ပျော်ဘွယ်မြို့နယ် သဖန်းချောင်းကျေးရွာ သက်တော်ရှည်တိုက်ကျောင်းဆရာတော်ကြီး၏ (၈၃)နှစ်ပြည့် ဝိဇာတမင်္ဂလာတရားစခန်းပွဲနှင့် မြတ်ဆရာပူဇော်ပွဲကို ပြာသိုလပြည့်ကျော် ၄ရက်မှ ၁၁ရက်ထိ ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ ဇွဲစုံသာသနာရာမ ကျောင်းတိုက် ဓမ္မာသန မိုးကုတ်ရိပ်သာကျောင်းဆရာတော် ဓမ္မကထိက ဦးဝိစိတ္တက ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ထူးခြားသည့် ညအပူချိန်များ

(၁၂-၁-၂၀၀၆)

ပူတာအို	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်းနှင့် ဟဲဟိုး	၅ ဒီဂရီစင်တီဂရိတ်
မင်းတပ်	၆ ဒီဂရီစင်တီဂရိတ်

❒ စာမျက်နှာ ၃မှ

အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ အလှည့်ကျ သဘာပတိ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့် တပ်မတော်အခန်းကဏ္ဍတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါ အသေးစိတ်အခြေခံရမည့်မူများ ကောက်နုတ် စုစည်းချက်အပေါ် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှဦးဘိုသိန်းတို့က အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များအား ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးအပြီးတွင် သဘာပတိအဖွဲ့ဝင်များနှင့် စာတမ်းပြုစုရေးအဖွဲ့ဝင်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုစာတမ်းကို စတင်ရေးသားပြုစုကြသည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌဦးတင်လှိုင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်နှင့် မြန်မာနိုင်ငံ နည်းပညာပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦးရှိသည့်အနက် ၅၅ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၁ ရာခိုင်နှုန်း ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းနှင့် တပ်မတော်အခန်းကဏ္ဍတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အစုအဖွဲ့၏ အကြံပြုချက်စာတမ်း ပြုစုနိုင်ရန်အတွက် ညီလာခံကိုယ်စားလှယ်များက အဖွဲ့နှစ်ဖွဲ့ ခွဲ၍ စာတမ်းပြုစုရန် တာဝန်ပေးအပ်ကြပြီး ကိုယ်စားလှယ်များက အကြံပြုစာတမ်းရေးသားကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ (၇)၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ (၈)၌ ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ (၆)မှ ဦးအောင်ခမ်းထီ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုနှင့်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ဦး ရှိသည့်အနက် ၁၀၇ ဦး တက်ရောက်သည့်အတွက် တက်ရောက်မှု ရာခိုင်နှုန်း ၉၈ ဒသမ ၁၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ကျန်းမာရေး ဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာ အခန်းနှင့်တပ်မတော် အခန်းကဏ္ဍ တို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းပြုစုတင်ပြနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ (၆)မှ ဦးအောင်ခမ်းထီက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၈၉ ဦး အနက် ၈၅ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၅၁ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရှမ်းပြည်နယ် (တောင်ပိုင်း)အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီက အဖွင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းနှင့် တပ်မတော် အခန်းကဏ္ဍ တို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အစုအဖွဲ့၏ အကြံပြုချက် စာတမ်း ပြုစုနိုင်ရန် အတွက် ညီလာခံကိုယ်စားလှယ်များက စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကြပြီး အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဒီဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ပွဲနှင့် သရုပ်ပြပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

Noritsu Singapore Pte,Ltd.နှင့် Accel International Co, Ltd.တို့မှ တင်သွင်းသော Noritsu အမျိုးအစား ဒီဂျစ်တယ်ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ရှင်းလင်းပွဲ နှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Accel Int'l Co,Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Alvin Law က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Noritsu Singapore Pte, Ltd.မှဒေသဆိုင်ရာ အရောင်းမန်နေဂျာ Mr. Leong ကအမှာစကားပြောကြားသည်။

ဆက်လက်၍ Accel Int'l Co,Ltd. မှ Noritsu Business Manager ဦးသီဟဇော်က QSS ဒီဂျစ်တယ် ဓာတ်ပုံကူးစက်အသစ် အကြောင်း မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

ထို့နောက် Accel Int'l Co, Ltd. နှင့် ဓာတ်ပုံလုပ်ငန်းရှင်များအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းကုမ္ပဏီမှ ထုတ်လုပ်သောစက်များဖြင့် ကတ်အမျိုးမျိုးကို အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ပြီး Noritsu Digital ဓာတ်ပုံကူးစက်များနှင့် Noritsu ဖလင်ဆေးစက်အမျိုးမျိုးကိုလည်း တင်သွင်းရောင်းချပေးနေပြီး ဓာတ်ပုံဆိုင်လုပ်ငန်းလည်ပတ်သည်အထိ တာဝန်ယူကူညီဆောင်ရွက်ပေးလျက်ရှိကာ အမှတ် ၄၄၂–၄၂၆ ဆဋ္ဌမထပ် သစ်တောဖက်စပ် ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၂၀၂၀၉၂၊ ၂၀၂၀၉၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း နှင့် ယခုမိတ်ဆက် သရုပ်ပြသော Noritsu အမျိုးအစား QSS-3411 စက်သစ်ကြီးဖြင့် ရန်ကုန်မြို့ အနော်ရထာလမ်း Pacific Digital Color Lab ၌ ဓာတ်ပုံကူးလုပ်ငန်း ဆောင်ရွက်ပေးနေသည်။ (သတင်းစဉ်)

Noritsu အမျိုးအစား QSS ဒစ်ဂျစ်တယ် ဓာတ်ပုံကူးစက်အသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲ၌ မြန်မာနိုင်ငံတွင် Noritsu Digital ဓာတ်ပုံကူးစက်များ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေး အတွက် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်နိုင်ခဲ့သည့် Accel International Co., Ltd. အား Noritsu Singapore Pte. Ltd မှ ဂုဏ်ပြုဆုဖလား ချီးမြှင့်စဉ်။
(သတင်းစဉ်)

ဓမ္မသဘင်နှင့် ဆွမ်းအောင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဣန္ဒာသယလမ်း၊ မြသီဂိ ဓမ္မာရုံ မိသားစုဆွမ်းလောင်းအသင်းမှ တတိယအကြိမ်ဓမ္မသဘင်နှင့် ပထမနှစ်ဆွမ်းအောင်ပွဲအဖြစ် ဇန်နဝါရီ ၁၅ ရက်တွင် စစ်ကိုင်းရွှေဟင်္သာဆရာတော်၊ ၁၆ ရက်တွင် သီတဂူကြာတစ်ပွင့် ဆရာတော်၊ ၁၇ ရက်တွင် ဓမ္မဒူတ ဆရာတော်နှင့် ၁၈ ရက်တွင် ရွှေပါရမီတောရဆရာတော်တို့က ညစဉ် ၆ နာရီမှစ၍ တရားတော်များဟောကြားမည် ဖြစ်သည်။ (၂၃)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃–၁–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ **ကာတွန်းအစီအစဉ် "ပါကျဲ" (အပိုင်း–၃)**
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နေခြည်ဖြာမှ" (အပိုင်း–၁)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင် သိုင်းလုလင်" (အပိုင်း–၁၀)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မည်သည့်ခေတ်အခါကမျှ မရခဲ့ဖူးသည့် ဒီမိုကရေစီရပိုင်ခွင့်များကို တိုင်းရင်းသားလူမျိုးစုငယ်များအထိ ရရှိအောင် ကြိုးစားဆောင်ရွက်နေ

● **ကျောဖုံးမှ**

မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို လေ့လာကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ် အရေးအခင်းကာလကြောင့် မင်းမဲ့စရိုက် ပေါ်ပေါက်ခဲ့ပြီး လုံခြုံမှုကင်းမဲ့ကာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးတော့မည့် အခြေအနေ ဆိုက်ရောက်ခဲ့သဖြင့် တပ်မတော်သည် နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူ အားလုံးအကျိုးအတွက် မလွှဲမရှောင်သာဘဲ နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရကြောင်း၊ တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ကို စတင်ယူခဲ့သည်နှင့် တစ်ပြိုင်တည်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူတို့၏ စားဝတ်နေရေး ချောင်လည်စေရေးတို့ကို ပထမဦးစားပေးအဖြစ် ဆောင်ရွက်ခဲ့ကြောင်း။

ထို့အပြင် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ဒို့တာဝန်အရေးသုံးဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် မူဝါဒလမ်းစဉ်ကို ချမှတ်ခဲ့ကြောင်း၊ အဆိုပါမူဝါဒနှင့်အညီ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ်တို့ကို ချမှတ်ကာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဤသို့ မှန်ကန်သည့် မူဝါဒနှင့် ဦးတည်ချက်များကြောင့် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်အစိုးရ၏ ဖြူစင်သည့်စေတနာနှင့် မွန်မြတ်သည့် လုပ်ရပ်ကို နားလည်သဘောပေါက်ကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်အစိုးရက အမျိုးသားစည်းလုံးညီညွတ်ရေးကိုအခြေခံပြီး တစ်မျိုးသားလုံး၏ ဆန္ဒသဘောထားဖြင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဌာန်းနိုင်ရေးအတွက် အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကာ အမျိုးသားညီလာခံ ဦးတည်ချက် (၆)ရပ်ကို အများသဘောတူဆုံးဖြတ်နိုင်ခဲ့ကြောင်း။

တစ်မျိုးသားလုံး၏ ဆန္ဒသဘောထားဖြင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံကို ဦးတည်ချက် (၆)ရပ်နှင့်အညီ တိုင်းရင်းသားလူမျိုးများ လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များဖြင့် အမျိုးသားညီလာခံ ကျင်းပပြီး အခြေခံရမည့်မူ (၁၀၄)ချက်နှင့် အသေးစိတ်အခြေခံရမည့်မူအချို့ကို ချမှတ်နိုင်ခဲ့ကြောင်း၊ ထို့နောက် ပြည်တွင်းပြည်ပ အဖျက်အမှောင့် ပယောဂကြောင့် အမျိုးသားညီလာခံကျင်းပမှု၊ နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများသည်လည်း ယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ကြောင်း။

နိုင်ငံတော်အစိုးရသည် အခက်အခဲများစွာနှင့် ရင်ဆိုင်ရသော်လည်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းရေးမျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ ဖွံ့ဖြိုးရေးဒေသ (၂၄) ခု သတ်မှတ်ကာ အခြေခံအဆောက်အအုံဖြစ်သော လမ်းတံတား၊ ဆည်မြောင်း၊ တာတမံများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် မဟာဗျူဟာအရ စီမံလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပေးခဲ့ပြီး ပြည်တွင်း ပြည်ပ အမှောင့်ပယောဂကြောင့် ယာယီရပ်ဆိုင်းခဲ့သော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို တစ်ဆက်တစ်စပ်တည်း အရှိန်အဟုန်ဖြင့် အောင်မြင်စွာကျင်းပလျက်ရှိနေကြောင်း။

ယခုအခါ မိမိတို့ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု၊ အောင်မြင်မှုများရရှိနေခြင်းကို မနာလိုမရှုဆိတ်သည့် ပြည်တွင်းပြည်ပမှ အဖျက်သမားအုပ်စုများသည် အနာဂတ် နိုင်ငံတော်သစ်ကြီးအတွက် အခြေခံရေးဆွဲနေသည့် အမျိုးသားညီလာခံကြီး ပျက်ပြားသွားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိနေကြောင်း၊ အပြုသဘောဆောင်သည့် လုပ်ရပ်နှင့် အပျက်သဘောလုပ်ရပ်များကို ပြည်သူအများက ကွဲကွဲပြားပြား သိရှိနေကြပြီဖြစ်၍ အဖျက်လုပ်ရပ်များကို ပြည်သူ့စွမ်းအားဖြင့် ကာကွယ်တားဆီးသွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အမျိုးသားညီလာခံကြီးသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် တိုင်းပြုပြည်ပြု ညီလာခံကြီးပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံ၊ ပါတီပေါင်းစုံတို့ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ် နိုင်ငံတော်သစ်ကို ပန္နက်ရိုက် အုတ်မြစ်ချနေခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားညီလာခံသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအချက်လည်းဖြစ်၊ အနာဂတ်နိုင်ငံတော်အတွက် ပထမခြေလှမ်းလည်း ဖြစ်သည့်အတွက် ပထမခြေလှမ်း အောင်မြင်ပါမှ မိမိတို့ မျှော်မှန်းသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို ရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးမြောက်ပြီး နိုင်ငံသူ နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့်အသက်တမျှအရေးကြီးလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ပြည်သူလူထုအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းသန်းထွန်းလေးက အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း အဆိုကို တင်သွင်းရာတွင် ယခု ပြန်လည်ကျင်းပနေသည့် အမျိုးသားညီလာခံတွင် ယခင်ကထက် ပိုမိုများပြားသည့် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေး ဆောင်ရွက်နေကြကြောင်း၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံ ပါဝင်နေသည့်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကျယ်ပြန့်စွာ ကိုယ်စားပြုသည့် ကိုယ်စားလှယ်များဖြစ်ကြကြောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် နိုင်ငံရေး ဦးတည်ချက်(၄)ရပ်တွင် ပါရှိသော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံမှာ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နေခြင်းဖြစ်၍ အမျိုးသားညီလာခံသည် မည်မျှအရေးကြီးသည်ဆိုတာ သိသာထင်ရှားပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မည်သည့်ခေတ်မည်သည့် အခါကမှ မရရှိခဲ့ဖူးသည့် ဒီမိုကရေစီရပိုင်ခွင့်များကို မျက်မှောက်ခေတ်တွင် တိုင်းရင်းသားလူမျိုးစုငယ်များအထိ ရရှိအောင်ကြိုးစားဆောင်ရွက်နေသည့် အရေးကြီးသော အမျိုးသားညီလာခံကြီးလည်းဖြစ်ကြောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး (၃)ပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အဆင့်ဆင့်အကောင်အထည်ဖော်နိုင်ရန် အမျိုးသားညီလာခံအစည်းအဝေးကြီးတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရနှင့် ညီလာခံကိုယ်စားလှယ်ကြီးများက နိုင်ငံတော်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းနေသည်ကို မနာလိုမရှုဆိတ်နိုင်သည့်၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှာကို မလိုလားသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများနှင့် အနောက်နိုင်ငံကြီးအချို့က အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း အမျိုးမျိုးဝေဖန်ထိုးနှက်လျက်ရှိကြောင်း။

ညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်း ပြောဆိုလုပ်ဆောင်နေသူ ပြည်တွင်း ပြည်ပမှ အဖျက်သမားများကို မပြတ်သောသတိဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်နေရမှာဖြစ်ကြောင်း၊ အလျဉ်းသင့်၍ ပြည်သူ့သဘောထားကို တင်ပြလိုကြောင်း၊ ပြည်သူ့သဘောထား (၄)ရပ်မှာ—

- **ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊**
- **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊**
- **နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊**
- **ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ**

ဟူသော အချက်များဖြစ်ကြောင်း။

နိုင်ငံတော်နှင့်နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားနှင့် အမျိုးသားညီလာခံ ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်နေသူများသည် ဒီမိုကရေစီတည်ဆောက်မှုကို မလိုလားသူများဖြစ်၍ ဒီမိုကရေစီ၏ရန်သူ၊ ပြည်သူတို့၏ရန်သူဖြစ်နေသည်ဟု တင်ပြလိုကြောင်း။

မိမိတို့ပြည်သူလူထုသည် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှိနေကြမှ ကျင်းပလျက်ရှိသော အမျိုးသားညီလာခံအပေါ် အမြင်မှန်ရှိနိုင်မှာဖြစ်ကြောင်း၊ အမျိုးသားညီလာခံကို မအောင်မြင်စေချင်သောသူများသည် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်မရှိသူဟု သတ်မှတ်ရမှာဖြစ်ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းသန်းထွန်းလေး အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုကို ဖတ်ကြားတင်သွင်းစဉ်။(သတင်းစဉ်)

ကျိုင်းတုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးချစ်ဝေ(အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်နန်းစံဟွမ် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကျိုင်းတုံမြို့နယ် မိခင်နှင့်ကလေး စော... ရေးအသင်းမှ ဒေါ်နာခါးတို့ အမျိုးသားညီလ... ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်... ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သ...

အမျိုးသားညီလာခံကြီးသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် တိုင်းပြုပြည်ပြုညီလာခံကြီးပင်ဖြစ်၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံ၊ ပါတီပေါင်းစုံတို့ မျက်နှာစုံညီ တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ပြီး အနာဂတ်နိုင်ငံတော်သစ်ကို ပန္နက်ရိုက် အုတ်မြစ်ချနေခြင်းဖြစ်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးကျင်းပသောအမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ကျိုင်းတုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဟွမ်ခမ်းနှင့် ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဝိုးခမ်းတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံသားအခွင့်အရေ...

ခေတ်မီသည့် နိုင်ငံတော်...

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိပြီး ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုပြည့်စုံအနှစ်သာရရှိပြီး ခေတ်မီသည့် နိုင်ငံတော်အတွက် အသင့်တော်ဆုံးအခြေခံဥပဒေ ထွက်ပေါ်လာမည့် အမျိုးသားညီလာခံအား လှိုက်လှိုက်လှဲလှဲကြိုဆို

တစ်ဆက်တည်း မီးမောင်းထိုးပြလိုသည်မှာ နယ်စပ်ဒေသဖြစ်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် အရေးကြီးသည်မှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်အမှန်ကို ဖော်ထုတ်ရေးနှင့် ထိန်းသိမ်းရေးဖြစ်ပါကြောင်း၊ ယခင်ကာလက ဒေသတွင်း မတည်ငြိမ်မှုများကြောင့် ဆိုးရွားသည့် မူးယစ်ဆေးဝါးပြဿနာများ၊ လူကုန်ကူးမှုများ၊ တိုင်းရင်းသားလူမျိုးစုတို့၏ အသိဉာဏ်ဖွံ့ဖြိုးမှု နောက်ကျမှုများရှိခဲ့ကြောင်း၊ ဤသည်တို့ကို တပ်မတော်အစိုးရအနေဖြင့် အဘက်ဘက်က ပြုပြင်ဆောင်ရွက်မှုများ စီမံချက်ရှိရှိလုပ်ကိုင်ပေးနေသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်နေသကဲ့သို့ ရှမ်းအရှေ့မှာရှိသည့် ကျိုင်းတုံဒေသသည် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း အားလုံးအသိပင်ဖြစ်၍

ကျိုင်းတုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါ်နာခါးဘို အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ စေတနာကြီးမားမှုကို သိသိသာသာ မြင်တွေ့ရမှာဖြစ်ပါကြောင်း။

ဆက်လက်၍ ပြောကြားလိုသည်မှာ ပြည်ထောင်စုထဲမှ ပြည်ထောင်စုကဲ့သို့ရှိသော ပြည်နယ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အလွန်အရေးကြီးကြောင်း၊ မိတ်ဆွေထဲမှာ ရန်သူရှာပြီး မိတ်ဆွေကို ရန်သူလုပ်နေသရွေ့ ဘယ်တော့မှ မတိုးတက်နိုင်ကြောင်း၊ ဒေသတိုးတက်စေချင်လျှင် စည်းလုံးညီညွတ်စွာဖြင့် လျှောက်လှမ်းရပါမည်၊ (၂၁)ရာစုတွင် နိုင်ငံအများသည် တိုးတက်ရေးကို ဦးတည်နေကြကြောင်း၊ တိုးတက်စေချင်လျှင် အေးချမ်းတည်ငြိမ်မှုရမည်၊ အေးချမ်းတည်ငြိမ်ရန်အတွက် တိုင်းရင်းသားများ အမြင်မှန်ပြီး စည်းလုံးရပါမည်၊ သို့မှသာ တိုးတက်မှုရရှိမှာဖြစ်ပါကြောင်း၊ တိုးတက်မှုကို ဦးတည်သော အမျိုးသားညီလာခံကို ထောက်ခံကြရပါမည်။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲရေးအတွက် အခြေခံမူများ ချမှတ်နိုင်အောင် ညှိနှိုင်းဆောင်ရွက် လျက်ရှိသော လက်ရှိကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်းနှင့် မည်သည့်ပြည်တွင်း ပြည်ပ အဖွဲ့အစည်းအမျိုးမျိုးက အနှောင့်အယှက်ပေးစေကာမူ နိုင်ငံတော်အစိုးရ

နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အတူလက်တွဲကြပြီး အမျိုးသားညီလာခံအောင်မြင်စေရန် ကျရာအခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ကြပါစို့ဟု လေးလေးနက်နက် အဆိုတင်သွင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ကျိုင်းတုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးချစ်ဝေ(အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် ဤနေရာတွင် ဂုဏ်ယူစွာ ထောက်ခံတင်ပြလိုသည့် အချက်တစ်ချက်မှာ မည်သည့်ခေတ် မည်သည့်အခါကနှင့်မျှ မတူအောင် ထူးထူးခြားခြား တိုးတက်ဖွံ့ဖြိုးမှုရှိလာသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများပင်ဖြစ်ကြောင်း၊ သွေးချင်းသားချင်း ညီအစ်ကိုမောင်နှမများ နေထိုင်ရာ



ကျိုင်းတုံမြို့မှ တရားရုံးချုပ်ရှေ့နေ ဦးစိုင်းကျော်ခံ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသများနှင့်တကွ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် ဒေသများ၏ ဖွံ့ဖြိုးရေးကို တပ်မတော်အစိုးရက မေတ္တာရှေ့ထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်ပေးသည်မှာ ထင်ရှားလှကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် ရရှိဖြစ်ထွန်း လာခဲ့သည့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှု၏ အကျိုးရလဒ်ကောင်းများ အနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စနစ်တကျချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ခဲ့ကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုအလေးထား အရှိန်မြှင့်တင် ဆောင်ရွက်နိုင်ရေး အတွက် နယ်စပ်ဒေသဆိုင်ရာ ဝန်ကြီးဌာနအသစ်ကိုလည်း ထပ်မံဖွဲ့စည်းပေးပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုဘဝမြင့်မားရေးတို့ကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းကဏ္ဍများသည်လည်း ဖွံ့ဖြိုးမှုနောက်ကျနေမှုကို တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသည့် လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေး၊ သတ္တုရှာဖွေ

ရေးစသည့် လုပ်ငန်းကဏ္ဍများဖြစ်ခြင်းကြောင့် နယ်စပ်ဒေသနေပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့တာကြောင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းများ ဖြစ်ထွန်းလာကာ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကိုလည်း တည်ဆောက်နိုင်ခဲ့ပြီး အမျိုးသားညီလာခံ ကျင်းပနိုင်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

ကျိုင်းတုံမြို့မှ မြို့မိမြို့ဖ ဦးမင်းညို အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပုံဖော်နိုင်ရန် ကျင့်သုံးရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ခဲ့ကြောင်း။

နိုင်ငံတော်အတွက် အမျိုးသားညီလာခံအောင်မြင်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်ပါမှ ညီလာခံမှရရှိသည့် အခြေခံမူတွေကို အသုံးပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ရေးဆွဲနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့်အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးသည် တိုင်းရင်းသားပြည်သူတို့၏ ပဓာနကျပြီး အရေးကြီးသည့်တာဝန်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် မြန်မာနိုင်ငံအတွက် နိုင်ငံရေးအရ ထိပ်တန်းဦးစားပေးပြီး တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင် အကောင်အထည်ဖော်ကာ ရှေ့သို့တက်လှမ်းသွားရမည့် လုပ်ငန်းစဉ်များ၏ အသွင်သဏ္ဍာန် အနှစ်သာရသည် စစ်မှန်သော ဒီမိုကရေစီ ဖြစ်ထွန်းရေးပင်ဖြစ်သည်ဟု နားလည်သဘောပေါက်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရာတွင် လိုအပ်မည့် ဖွဲ့စည်းပုံအခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို ပြည်နယ်/တိုင်းများအလိုက် တိုင်းရင်းသား ကိုယ်စားလှယ်များရော လူထုလူတန်းစားကိုယ်စားလှယ်များပါ စုံညီစွာ တက်ရောက်ကြပြီး စိတ်ရှည်သည့် ဒီမိုကရေစီနည်းဖြင့် အများဆန္ဒနှင့်အညီ ဆောင်ရွက်ကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံကြောင်း တင်ပြသွားသည့် အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ကျိုင်းတုံခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်နန်းစံဟွမ်က ထောက်ခံဆွေးနွေး တင်ပြရာတွင် မိမိအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းသန်းထွန်းလေး တင်သွင်းသွားသည့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်းအဆိုသည် မိမိတို့ နိုင်ငံတော်အတွက် လက်ရှိကျင်းပနေသော အမျိုးသားညီလာခံကြီးအား ဘယ်ရွေ့ဘယ်မျှ အရေးပါ အရာရောက်ကြောင်းကို မီးမောင်းထိုးပြသွားပါကြောင်း၊ သို့သော် မလိုတမာ အဆိုးမြင်ဝါဒီ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက အမျိုးသားညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်းကို ရည်ရွယ်ပြီး နည်းအမျိုးမျိုး၊ မီဒီယာအမျိုးအမျိုးဖြင့် မဟုတ်မမှန် လုပ်ကြံထိုးနှက်လျက်ရှိကြောင်း။

အမှန်တကယ်အားဖြင့် မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အခြားအိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေသည်ကို ပြည်သူလူထုကြီး အသိပင်ဖြစ်ကြောင်း၊ အကယ်၍ မြန်မာနိုင်ငံသည် ၎င်းတို့စွပ်စွဲထားသလို ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်နေသည်ဆိုလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများက မိမိတို့နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုမှာ ယခုကဲ့သို့ ရှိနိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူပုဂ္ဂိုလ်များသည် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများသို့ မိတ်ဖက်မပျက် ခင်မင်ရင်းနှီးစွာဖြင့် သွားလာဆက်သွယ်လျက် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တည်ဆောက်လျက် ရှိနေသည်ကို သတိပြုမိကြမှာဖြစ်ကြောင်း၊ အလားတူပင် မြန်မာနိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်နိုင်ငံချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တို့က ဆွေမျိုးရင်းချာလို လာရောက်လည်ပတ်တာ ပူပူနွေးနွေးပင်ရှိပါသေးကြောင်း၊ ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်သည်ဆိုလျှင် ဧည့်ဝင်၊ ဧည့်ထွက်ရှိတော့မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဒေသအတွင်းလုံခြုံရေးကို ခြိမ်းခြောက်သည်ဆိုသည်မှာ လုံးဝမမှန်ကန်ပါကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံကို မတရားစွပ်စွဲပြောဆိုနေသည့် အချက်အလက်များလည်း ရှိပါသေးကြောင်း၊ ၎င်းတို့မှာ မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးစီးဆင်းမှုမှာ HIV/AIDS ရောဂါပျံ့နှံ့စေရန်အတွက် အထောက်အကူဖြစ်စေပြီး နိုင်ငံတကာရာဇဝတ်မှုကို တိုးပွားစေမည့် အလားအလာရှိသည့်ကိစ္စ၊ လူ့အခွင့်အရေးချိုးဖောက်နေသည်ဟု စွပ်စွဲသည့်ကိစ္စ၊ လူမှောင်ခိုကုန်ကူးသည်ဟု စွပ်စွဲသည့်ကိစ္စ၊ ငွေကြေးခဝါချသည့် ကိစ္စများဖြစ်ကြောင်း။

ယင်းကဲ့သို့ စွပ်စွဲပြောဆိုချက်များသည် တည်ငြိမ်အေးချမ်းမှုရှိနေသည့် မိမိတို့နိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားစေရန် နိုင်ငံရေးအရ သိက္ခာကျဆင်းစေရန် မဟုတ်မမှန် လုပ်ကြံပြောဆိုနေခြင်းသာ ဖြစ်သည်ဟု ပြည်သူလူထုတစ်ရပ်လုံးက သိရှိနားလည်ကာ သတိတရား လက်ကိုင်ထားပြီး နားမယောင်ကြဖို့ အသိပေးလိုပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲများကို ၁၉၉၂ ခုနှစ်အတွင်းမှာ သုံးကြိမ်တိုင်တိုင် အကြေအလည် ညှိနှိုင်းကြပြီး မူအားဖြင့် သဘောတူ အတည်ပြုခဲ့ကြကြောင်း။

၁၉၉၂ခုနှစ် ဇူလိုင် ၁၀ ရက်နေ့တွင် တတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း၊ ဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေးကော်မတီက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အလေးထားပြီး ဦးထိပ်ပန်ဆင်ကာ အကြံပြုဆွေးနွေးခဲ့ကြကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ် ဇန်နဝါရီ ၉ရက်တွင် တိုင်းရင်းသားလူမျိုးများ၊ လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များအစုံအညီဖြင့် အောင်မြင်စွာ စတင်ကျင်းပနိုင်ခဲ့ကြောင်း။

၂၀၀၃ ခုနှစ် ဩဂုတ်လတွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်အရ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ကြောင်း။

နိုင်ငံတော်သစ်တစ်ရပ် တည်ထောင်ရန် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အလွန်အရေးကြီးကြောင်း၊ ပထမအဆင့်အနေဖြင့် ၁၉၉၃ မှ ၁၉၉၆ အထိ အခြေခံမူ (၁၀၄)ချက်ကို ချမှတ်နိုင်ခဲ့ကြောင်း၊ သမိုင်းစာမျက်နှာက ဥပဒေများနှင့် နှိုင်းယှဉ်ရင်း အခြေခံမူ(၁၀၄)ချက်ကို ပြီးပြည့်စုံစွာ စဉ်းစားထည့်သွင်းထားသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ကိုယ်စားလှယ်များကလည်း အလွှာစုံ၊ တိုင်းရင်းသားစုံ၊ မြို့နယ်အလိုက် ကိုယ်စားပြုတက်ရောက်သည့် ကိုယ်စားလှယ်များဖြစ်ကြကြောင်း၊ ပြည်သူတွေ၏ အကျိုးစီးပွားကို ဖော်ဆောင်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် မိမိတို့ အပြည့်အဝယုံကြည်ထောက်ခံကြောင်း။

နိုင်ငံသား အခွင့်အရေး အပြည့်အဝရရှိပြီး ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုပြည့်စုံပြီး အနှစ်သာရရှိကာ ခေတ်မီသည့် နိုင်ငံတော်အတွက် အသင့်တော်ဆုံး အခြေခံဥပဒေ ထွက်ပေါ်လာမည့် အမျိုးသားညီလာခံကြီးအား လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါပါကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ရန် ကြိုးစားနေသည့် မလိုတမာ အဆိုးမြင်ဝါဒီ ပြည်တွင်းပြည်ပ အဖျက်အမှောင့်အဖွဲ့များနှင့် အမျိုးသားညီလာခံကို မဟုတ်မမှန် ကောလာဟလ ထုတ်လွှင့်နေသော အသံလွှင့်ဌာနများအား ပြင်းပြင်းထန်ထန်ရှုတ်ချ

* စာမျက်နှာ ၉ မှ

နိုင်ငံချုပ်အနေဖြင့် အနာဂတ် နိုင်ငံတော်အတွက် အမျိုးသားညီလာခံကြီးအား နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ အပါအဝင် တိုင်းရင်းသားပေါင်းစုံတို့က ညီညွတ်တက်ကြွစွာ ပါဝင်ကြပါဟု တိုက်တွန်းလိုပါကြောင်း ဆွေးနွေးထောက်ခံ တင်ပြသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ကျိုင်းတုံမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်နာခါးဘိုက ထောက်ခံဆွေးနွေး တင်ပြရာတွင် မျက်မှောက်ကာလသည် မြန်မာနိုင်ငံ၌ နိုင်ငံရေးအသွင်ကူးပြောင်းမှုအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ဖော်ဆောင်နေချိန် ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်လည်းဖြစ်ပြီး အရေးကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပကာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများက ညှိနှိုင်းဆွေးနွေး အတည်ပြုချမှတ်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက ယခုလို အမျိုးသားညီလာခံ ကျင်းပနေသည်ကို အချို့က အစိုးရအနေဖြင့် ၎င်းတို့သဘောဖြင့် လုပ်နေသည်၊ မည်သည့်အဖွဲ့ကိုမှ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်း မဟုတ်ဘူးဟု ပြောဆို၊ စွပ်စွဲနေသည်ကို နေ့စဉ်နှင့်အမျှ ကြားနေရကြောင်း၊ ဒါတွေဟာ တကယ်တော့ ပြည်သူတွေကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြံပြောဆိုနေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရှိခဲ့ကြောင်း။

၎င်းအခြေခံဥပဒေ နှစ်ရပ်စလုံးမှာ ယနေ့ မိမိတို့ မြန်မာနိုင်ငံ၌ ကျင့်သုံး၍ မရနိုင်တော့ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ပျော့ကွက် ဟာကွက်များကြောင့် ပြည်ထောင်စုကြီး ပြိုကွဲမည့် အန္တရာယ်နှင့် ကြုံလာရခြင်းကြောင့် ၁၉၆၂ခုနှစ်မှာ တပ်မတော်က ပြည်ထောင်စုကြီးမပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်၏ တာဝန်ကို ယူခဲ့ရကြောင်း၊ ယင်းအချိန်ကစပြီး ၎င်းအခြေခံဥပဒေသည် ရပ်ဆိုင်းသွားခဲ့ရကြောင်း။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ၁၉၈၈ ခုနှစ် အရေးအခင်းကြောင့် ရပ်ဆိုင်းသွားခဲ့ရခြင်းကြောင့် မိမိတို့နိုင်ငံမှာ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် လိုအပ်နေပြီဆိုသည်ကို ပြည်သူတွေအားလုံး နားလည်သဘောပေါက်နေကြပါကြောင်း။

ထို့ကြောင့် တပ်မတော်အစိုးရက နိုင်ငံတော်မှာ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်း နိုင်ရေးအတွက် အခြေခံမူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ် ဇန်နဝါရီလကတည်းက စတင်ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ မကျင်းပခင်မှာ တပ်မတော်အစိုးရက အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကျင်းပရေးကော်မတီကို ဖွဲ့စည်းပြီး တရားဝင်တည်ရှိနေသည့် နိုင်ငံရေးပါတီများမှ ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များနှင့် အမျိုးသားညီလာခံကျင်းပရေးကိစ္စများကို အကျေအလည်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ ၎င်းအမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲမှ ဖိတ်ကြားသင့်သည့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် အစုအဖွဲ့လိုက်ပါဝင်ရမည့် အရေအတွက်ကို အားလုံးသဘောတူအတည်ပြု ချမှတ်ခဲ့သည်ဆိုသည်ကို တိုင်းသိပြည်သိ ကမ္ဘာအသိဖြစ်ကြောင်း၊ ၎င်းတို့စွပ်စွဲသလို တပ်မတော်အစိုးရက ၎င်းတို့သဘောဖြင့် အမျိုးသားညီလာခံကြီးကို ကျင်းပနေခြင်း မဟုတ်ဘူးဆိုသည်မှာ ထင်ရှားနေပါကြောင်း။

ထို့ကြောင့် အနှစ်သာရပြည့်ဝပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရရှိရန် အမျိုးသားညီလာခံကြီးမှာ အခြေခံရမည့်မူ၊ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အတွက် ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီး၌ အလွန်အရေးကြီးပါကြောင်း။

နိုင်ငံချုပ်အနေဖြင့် တင်ပြလိုသည်မှာ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ရေးအဖွဲ့အစည်းများက ပြင်ပနိုင်ငံအချို့၏ ကျောထောက်နောက်ခံပြုကာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို အာမခံချက်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားညီလာခံကို ဖျက်လိုဖျက်ဆီးပြုနေကြကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာရေးကို ဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးသဖြင့် ပြည်ထောင်စု၏ အရှေ့ဖျားပြည်နယ်မှ မိမိ ဒေါ်နာခါးဘိုက လူထုကြီးကိုယ်စား အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ကျိုင်းတုံမြို့ ရပ်ကွက်(၁)မှ တရားရုံးချုပ်ရှေ့နေ ဦးစိုင်းကျော်ဇံက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယခုကျင်းပနေသည့် အမျိုးသားညီလာခံသည် မိမိတို့တိုင်းပြည်၏ ပကတိအနေအထားအရ တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များ စနစ်တကျ ညှိနှိုင်းဆွေးနွေးတိုင်ပင်ကြပြီး တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံရေးဆွဲရာတွင် လိုအပ်သည့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပေးနေသည့် ညီလာခံကြီးဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီး၏ ဦးတည်ချက်(၆)ရပ်သည် မိမိတို့ မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် ဦးတည်ချက်များဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် တက်ရောက်နေကြသည့် ညီလာခံကိုယ်စားလှယ် ၁၀၀၀ ကျော်သည် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်နေရာတွင် ကိုယ်စားလှယ်များ လွတ်လပ်စွာ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း။

ကိုလိုနီခေတ်အဆက်ဆက် တစ်ဦးနှင့် တစ်ဦး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း စိတ်ဝမ်းကွဲပြားအောင် နယ်ချဲ့တွေက ပြောဆိုဆွေးနွေးခဲ့ကြကြောင်း၊ ဦးတည်ချက်တစ်ခုတည်းသွားနေချိန်တွင် ညီအစ်ကို အချင်းချင်း စိတ်ဝမ်းကွဲအောင် မသမာသူအဖျက်သမားများက မလိုတမာပုတ်ခတ်ပြောဆို လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်နယ်နှင့် တိုင်းအသီးသီး၌ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြကြောင်း၊ ၎င်းလူမျိုးစု ညီအစ်ကို အချင်းချင်းကို ရန်သူဖြစ်အောင် လုပ်နေကြတာဖြစ်ကြောင်း၊ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေး ရယူထားသည့် ညီအစ်ကို တိုင်းရင်းသား အဖွဲ့များ နားမယောင်ကြရန်လိုကြောင်း၊ အတွေးအမြင်အသိမှန်ကန်ပြီး တိုင်းရင်းသား ညီအစ်ကို မောင်နှမအချင်းချင်း ယုံကြည်မှု အပြည့်ဖြင့် ဆောင်ရွက်နေကြချိန်တွင် သွေးလာခွဲသော်လည်းပဲ သွေးကွဲစရာအကြောင်း မရှိပါကြောင်း၊ ယခုဆိုလျှင် တိုင်းရင်းသားပြည်သူများသည် ငြိမ်းချမ်းရေး၏ အရသာကို ခံစားနေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်များကိုလည်း တိုင်းရင်းသားပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

ထို့ကြောင့် “ဘယ်သူခွဲခွဲ၊ ဒို့မကွဲ အမြဲစည်းလုံးမည်” ဆိုသည့် စကားအတိုင်း တိုင်းရင်းသားပြည်သူလူထုအားလုံး သွေးမကွဲကြရန် တိုက်တွန်းရင်း နိုင်ငံတော်၏ အနာဂတ်ကောင်းကျိုးကို ဖော်ဆောင်မည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို အလေးအနက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ကျိုင်းတုံမြို့ အမှတ်(၅) ရပ်ကွက်မှ မြို့မိမြို့ဖ ဦးမင်းညိုက ထောက်ခံဆွေးနွေး တင်ပြရာတွင် ယနေ့ မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို ဓမ္မဓိဋ္ဌာန်ကျကျလေ့လာကြည့်မည်ဆိုလျှင် ယခင်ခေတ်ကာလများနှင့်မတူဘဲ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေပြီဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးစသည့် ကဏ္ဍစုံတွင် အရှိန်အဟုန်ဖြင့် တစ်ဟုန်ထိုး တိုးတက်လာနေသည်ကို နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားတို့တွင် နေ့စဉ်နှင့်အမျှ ကြားရ မြင်နေရကြောင်း။

ဤသို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေသည်ကို မနာလိုမရှုဆိတ်သည့် အဖွဲ့အစည်းအချို့က ဖျက်လိုဖျက်ဆီး လုပ်နေကြသည်ကို တွေ့ရကြောင်း။

ယင်းအဖွဲ့အစည်းများ၏ စနက်ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီပေါင်း ၁၅၀ ခန့် ပိတ်လိုက်ရပြီဖြစ်ကြောင်း၊ ယင်းသို့ စက်ရုံ၊ အလုပ်ရုံများ ပိတ်လိုက်ရသည့်အတွက် အလုပ်သမားမည်မျှ အလုပ်လက်မဲ့ဖြစ်သွားပြီး မိသားစုပေါင်း မည်မျှ အတိဒုက္ခရောက်ကြရသည်ကို စဉ်းစားကြည့်ကြစေလိုကြောင်း။

ယင်းမသမာအဖွဲ့အစည်းများသည် မြန်မာနိုင်ငံစီးပွားရေး ပိတ်ဆို့ခံရသည်ကို အလွန်အမင်းဝမ်းသာနေကြကြောင်း၊ မစားရဝခမန်း ပြောဆိုနေကြကြောင်း၊ တကယ်တမ်း ဒုက္ခရောက်နေရသူများမှာ မိမိတို့ တိုင်းရင်းသားပြည်သူများပင် မဟုတ်လော။ အလုပ်လက်မဲ့ဖြစ်သွားပြီး ဒုက္ခခံစားနေရသည့် မိသားစုဘက်က ကိုယ်ချင်းစာကြည့်စေချင်ပါကြောင်း။

သူတို့က ပြည်သူတွေအပေါ် မည်မျှစေတနာထားပြီး လုပ်နေပါသည်ဟုပြောပြော တကယ်တမ်းကျတော့ ပြည်သူတွေ ဒုက္ခရောက်အောင်ပဲ လုပ်နေကြတာမဟုတ်ပါလား။ နိုင်ငံရေးစကားလုံးလှလှတွေ သုံးပြီး ပြည်သူများ၏ဘဝကို ပျက်အောင်လုပ်နေကြခြင်းဖြစ်ကြောင်း၊ ပြည်သူများ အလွန်နစ်နာခဲ့ကြရကြောင်း၊ ပြည်သူများ နစ်နာအောင်လုပ်သူသည် ပြည်သူ၏ရန်သူပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံကို စီးပွားရေးအရ ပိတ်ဆို့မှုများပြုလုပ်ရန် ကြိုးစားနေသည့် မလိုတမာအဆိုးမြင်ဝါဒီ ပြည်တွင်းပြည်ပ အဖျက်အမှောင့်အဖွဲ့အစည်းများနှင့် ကျင်းပဆဲအမျိုးသားညီလာခံကို မဟုတ်မမှန် ကောလာဟလသတင်းများ ထုတ်လွှင့်နေသော အသံလွှင့်ဌာနများအား ပြင်းပြင်းထန်ထန် အတိအလင်း ရှုတ်ချကြောင်းနှင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနေခြင်းကို နိုင်ငံသား တစ်ဦးအနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကို ရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူ ဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၁၀နာရီမိနစ် ၄၀တွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲ အခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ဦးတည်ချက် တစ်ခုချင်းသွားနေချိန်တွင် ညီအစ်ကိုအချင်းချင်း စိတ်ဝမ်းကွဲအောင် မသမာသူ အဖျက်သမားများက မလိုတမာ ပုတ်ခတ်ပြောဆို လုပ်ကိုင်နေ။

ပြည်နယ်နှင့်တိုင်း အသီးသီး၌ တိုင်းရင်းသား လူမျိုးစုပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိ။

၎င်းလူမျိုးစု ညီအစ်ကိုအချင်းချင်းကို ရန်သူဖြစ်အောင် လုပ်နေကြတာဖြစ်။

ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ငြိမ်းချမ်းရေး ရယူထားသည့် ညီအစ်ကို တိုင်းရင်းသား အဖွဲ့များ နားမယောင်ကြရန်လို။

အတွေးအမြင်အသိမှန်ကန်ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမ အချင်းချင်း ယုံကြည်မှုအပြည့်ဖြင့် ဆောင်ရွက်နေကြချိန်တွင် သွေးလာခွဲသော်လည်းပဲ သွေးကွဲစရာအကြောင်းမရှိ။

ဝါဏိဇ္ဇဘွဲ့ရများအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၂

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ်၊ လမ်း (၅၀)၊ အောက်လမ်း၊ အမှတ်(၃၇/၄၁) အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် B.Com, B.Act, B.B.A ဘွဲ့ရများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၁–၂၀၀၆ (သောကြာနေ့)

၁၃၆၇ခုနှစ်၊ ပြာသိုလပြည့်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ၊မွေဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဉပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၅ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၂၀ ၉။ မင်းလှရေလှောင်တမံ
- ၈:၂၅ ၁၀။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၁၁။ International News.
- ၈:၄၅ ၁၂။ English for Everyday Use.
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အတီးပြိုင်ပွဲ
- ၅:၀၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (အထူးပြုအားလုံး)(အင်္ဂလိပ်စာ)
- ၅:၂၀။ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၃၅ ၈။ အကပြိုင်ပွဲ
- ၅:၄၀ ၉။ **“မပြောမပြီး မတီးမမြည်” (နေရဲလင်း၊မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်) (ဒါရိုက်တာ–မောင်မောင်မြင့်)**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၁၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၁၅ ၁၃။ ပသာဒအလှနှင့်ရေကူးအက
- ၇:၂၀ ၁၄။ နှောင်းခေတ်တေးပဒေသာ
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း “ကူညီချင်လွန်းလို့”(အပိုင်း–၂) (လွင်မိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ–ကျော်ဇောလင်း)**
- ၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ လှည်းကူးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သုတေသနဌာနဝင်းအတွင်း၌ ခြစ်စည်းရိုး ကြက်ဆူပင်စပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဘုရားဖြူဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသော (၇၄)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ၊ ဆုနှင်းသဘင်အကြို တရားပွဲအဖြစ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)က ပုဇွန်တောင်မြို့နယ်၊ ဘုရားဖြူ ကျောင်းတိုက်၌ ဇန်နဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့)ည ၇နာရီတွင် တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (အနောက်ပိုင်း) ရပ်ကွက် မန္တလေးလမ်းရှိ သာသနပါလဓမ္မာရုံ၌ ဇန်နဝါရီ ၁၄ရက်(စနေနေ့)တွင် ဓမ္မကထိက ဘဒ္ဒန္တအရှင်ပညာဒီပ(ဟသ်ာတ)(ဓမ္မာစရိယ)၊ ၁၅ ရက် (တနင်္ဂနွေနေ့)တွင် ကြာနီကန်ဆရာတော် ဦးရေဝတ (ဝါးခယ်မ)တို့က ညစဉ် ၇ နာရီမှ စ၍ တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က–ပ)

ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်း ပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကြီးမှူးဖွင့်လှစ်သည့် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာအနီးရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာနတွင် ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းအတွင်း ၂၀၀၆ခုနှစ်မှ စတင်၍ သုံးနှစ်အတွင်း ကြက်ဆူပင် ဧကေါ်သိန်း စိုက်ပျိုးရန် လျာထားရာ ဤသင်တန်းသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စိုက်ပျိုးရေးကုမ္ပဏီများမှ ဝန်ထမ်းများ၊ တောင်သူများအနေဖြင့် သင်တန်းမှ ပို့ချသည့်ဘာသာရပ်များကို ဂရုတစိုက် လေ့လာမှတ်သား စေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးအေးထွန်းက ခြစ်စည်းရိုး ကြက်ဆူပင် စိုက်ပျိုးနည်းပညာများနှင့် ပတ်သက်၍ Power Pointဖြင့် ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းခန်းမအတွင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရန်ကုန်တိုင်း)မှ ခင်းကျင်းပြသထားသည့် ကြက်ဆူစေ့ကို လက်နှိပ်ဆီကြိတ်ကိရိယာဖြင့် ကြိတ်၍ ကြက်ဆူဆီထုတ်လုပ်ပုံ လက်တွေ့ပြသမှုကို လည်းကောင်း၊ ကြက်ဆူဆီကို ဘိုင်အိုဒီဇယ်အဖြစ် ထည့်သွင်းအသုံးပြု၍ ထွန်စက်ကြီးနှင့် လက်တွန်းထွန်စက်တို့ကို မောင်းနှင်ပြီး မြေပြုပြင်ထွန်ယက်ပြသမှုကိုလည်းကောင်း ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနဌာနဝင်းအတွင်း ခွံပါးပျားလိမ္မော်ပင် ၂၀၀ စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သုတေသနဌာနဝင်းအတွင်းရှိ ခြစ်စည်းရိုးကြက်ဆူပင် ပျိုးခြံသို့ရောက်ရှိပြီး ကြက်ဆူစေ့နှင့် ကြက်ဆူကိုင်းများ ထည့်သွင်း ပျိုးထောင်ပေးကြပြီး ပျိုးခြံအတွင်း ပျိုးထောင်ထားရှိသည့် ခြစ်စည်းရိုးကြက်ဆူပျိုးပင်တစ်သိန်းကို ကြည့်ရှုသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သုတေသနဌာနဝင်းအတွင်း ကျင်းပသည့် ခြစ်စည်းရိုး ကြက်ဆူပင် စိုက်ပျိုးနည်းပညာလက်တွေ့ပြသပွဲနှင့် ခြစ်စည်းရိုးကြက်ဆူပင် စပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခြစ်စည်းရိုး ကြက်ဆူကိုင်းများကို စိုက်ပျိုးရန် ဝေငှပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြစ်စည်းရိုး ကြက်ဆူပင်ဧက ၂၀ စိုက်ခင်းကို ကြည့်ရှု အားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြစ်စည်းရိုး ကြက်ဆူပင်များပါဝင် စိုက်ပျိုးပေးကြပြီး အခမ်းအနားသို့ တက်ရောက်သူများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ကြက်ဆူပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhejiangပြည်နယ် Yi Wu မြို့ အစိုးရအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် Mr. Lou Guohuaခေါင်းဆောင်သော အဖွဲ့ဝင် ၁၂ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၆ရက်တွင်ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဆိုင်ရာ ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံ၊ ကရင်ပြည်နယ် ဘားအံမြို့ သီရိလမ်း ကတ္တရာလမ်းဖွင့်ပွဲနှင့် ကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံမြို့ သီရိလမ်း ကတ္တရာထပ်ပိုးလွှာခင်း လမ်းဖွင့်ပွဲနှင့် ခြစ်စည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားများကို သတ်မှတ်နေရာအသီးသီးတွင် ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ဘားအံမြို့ သီရိလမ်း ကတ္တရာထပ်ပိုးလွှာခင်း လမ်းဖွင့်ပွဲ အခမ်းအနားတွင် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသက်ဦးရှိန်က သီရိလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်နယ်မြေတာဝန်ခံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က ဖဲကြိုးဖြတ်၍ အဆိုပါလမ်းကို ဖွင့်လှစ်ပေးပြီး ဘားအံမြို့ သီရိလမ်း ကတ္တရာထပ်ပိုးလွှာခင်း ဆောင်ရွက်ထားမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံ ဂုဏ်ပြုသောအားဖြင့် ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲကျင်းပပြုလုပ်သည့် သံလွင်တံတားအနီး ဘားကပ်ကျေးရွာနှင့် မိဖကျေးရွာများသို့သွားရောက်၍ ဘားကပ်ကျေးရွာနှင့် မိဖကျေးရွာတို့၌ ခြစ်စည်းရိုးကြက်ဆူပင်များ၊ ကိုင်းကူးပျိုးပင်များ စိုက်ပျိုးနေမှု၊ အစေ့ချပျိုးပင်များ စိုက်ပျိုးနေမှု၊ ကြက်ဆူဆီဖြင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် မောင်းနှင်နေမှု၊ ကြက်ဆူဆီဖြင့် ရေစုပ်စက် မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့ ကရင်ပြည်နယ် ဘားအံမြို့ မိဖကျေးရွာ၌ ခြစ်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် ကြက်ဆူပင်ကိုစိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် အင်ဂျန်းယန်မြို့ရှိ ဒေသခံပြည်သူများအတွက်အနွေးထည်များပေးအပ် လှူဒါန်းစဉ်။

(ဆက်သွယ်ရေး)

ရန်ကုန် ဇန်နဝါရီ ၁၂

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၇ ရက် နံနက်တွင် ကချင်ပြည်နယ် အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားစီမံဆောင်ရွက် ပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် နံနက် ၇နာရီတွင် မြစ်ကြီးနားမြို့ နော့သင်းစတား ဂေါက်ကလပ်၌ကျင်းပသည့် ပထမအကြိမ် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြပြီး အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က ဖွင့်ပွဲကို Smoke Ballရိုက်၍ ဖွင့်လှစ်ပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် မြစ်ကြီးနား-တန်ဖရဲ-ဂွေထော်၊ အင်ဂျန်းယန်-ထိန်နမ်-ဆွမ်ပရာဘွမ် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မိုင်တိုင်အမှတ်(၁၆/၂)မိုင်နှင့် မိုင်တိုင်အမှတ် (၃/၀)မိုင်အတွင်း စက်ယန္တရားကြီးများဖြင့် လမ်းပိုင်းတိုးတက် ပြုပြင်မွမ်းမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ အင်ကရင်းကောင်ရွာရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းသည်။

ယင်းမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ အင်ဂျန်းယန်မြို့သို့ နံနက် ၁၀နာရီခွဲတွင် ရောက်ရှိကြပြီး ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကားပြောကြားရာတွင် အင်ဂျန်းယန်မြို့သည် ယခင်က မြို့ကြီးဖြစ်ခဲ့သော်လည်း ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ကင်းဝေးခဲ့၍ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်း၊ ယခု နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြို့ကို မြို့နှင့်အညီ ပြန်လည်ဖွံ့ဖြိုး တိုးတက်လာစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် နိုင်ငံတော်ကြီးကို ကျေးလက်နှင့်မြို့ပြ ကွာဟမှု နည်းပါးသွားစေရေးအတွက် ကဏ္ဍအလိုက် စီမံကိန်းများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာ ပါပါ ဝီရိယအပြည့်ဖြင့် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အနွေးထည်များ၊ ရုပ်မြင်သံကြားစက်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ စားသောက်ဖွယ်ရာများ၊ အလှူငွေကျပ်ငါးသိန်းနှင့် ကျန်းမာရေး စောင့်ရှောက်ရန်အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် နံနက် ၁၁နာရီတွင် အင်ဂျန်းယန်မြို့ ရေအားလျှပ်စစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးဆွေနှင့် လုပ်ငန်းရှင် ဦးမင်းလွင်တို့က ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က အင်ဂျန်းယန် ရေအားလျှပ်စစ် ဖွင့်ပွဲ အခမ်းအနားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီး တို့သည် မွန်းလွဲပိုင်းတွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပိုင်း မွမ်းမံဆောင်ရွက်နေမှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင် အမှတ်(၃၃/၆)မိုင်၌ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီး တို့သည် မိုင်တိုင်အမှတ် ၃၉မိုင်နှင့် မိုင် ၄၀ကြား၌ ဆောင်ရွက်နေသည့် အလုံဆင်ကျောက်များ ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဆပ်ကော်မတီ အတွင်းရေးမှူးများ၊ ပြကွက်ခင်းကျင်း ပြသရေး လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက်ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ပြပွဲခင်းကျင်းပြသရေးအစီအစဉ်နှင့်ခင်းကျင်းပြသမည့် ပြကွက်များ၊ ပြည်ထောင်စု အလံတော် ခရီးစဉ်အတွင်း ပြခန်းခင်းကျင်းပြသရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြန်ကြားရေးဆပ်ကော်မတီ အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဦးကိုကိုထွေးက ပြန်ကြားရေးဆပ်ကော်မတီ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြန်ကြားရေးဆပ်ကော်မတီဝင်များက ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်အသီးသီးက အထွေထွေပိုင်းကို ဆွေးနွေးတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြန်ကြားရေး ဆပ်ကော်မတီနှင့်ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့နှင့်အညီ ဖေဖော်ဝါရီ ၈ရက်မှ ၁၆ရက်အထိ ကဏ္ဍအလိုက် ခမ်းနားသိုက်မြိုက် စုံလင်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေငွေကျပ် ၇၃သိန်းဖိုး ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၉ရက် ည ၈နာရီ ၁၀မိနစ်ခန့်တွင် မန္တလေးတိုင်း မြစ်သားမြို့ ရှမ်းပွဲရပ် (၅)လမ်းနေ အထက်တန်းပြ ဆရာမ ဒေါ်အေးအေးမော်(ဘ) ဦးချစ်ငွေသည် နေအိမ်တံခါးသော့ပိတ်၍ ခြံဝင်းအတွင်းရှိ ဘော်ဒါဆောင်သို့ သွားရောက်ခဲ့သည်။

ထိုမှ နေအိမ်သို့ ည ၈နာရီ ၄၅မိနစ်တွင် ပြန်ရောက်လာသည့်အခါ အိမ်တံခါးပွင့်နေပြီး အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းမှ ငွေကျပ်နှစ်သိန်းငါးသောင်း အပါအဝင် ရွှေထည်ပစ္စည်းစုစုပေါင်း တန်ဖိုး ၇၃သိန်းဖိုး ခိုးယူခံရကြောင်းသိရှိရသဖြင့် ၃-၁-၂၀၀၆ ရက်တွင် မြစ်သားရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

စုံစမ်းစစ်ဆေးချက်များအရ တရားလို၏ တပည့်ဟောင်းဖြစ်ပြီး အိမ်တွင် အဝင် အထွက်ရှိသူ မြစ်သားမြို့နယ် ရွာသစ်ကလေးကျေးရွာနေ ထွန်းမင်း (ခ) မင်းမင်း(ခ) တရုတ်ကြီးဆိုသူသည် အမည်မသိ လူငယ်တစ်ဦးနှင့်အတူ စက်ဘီးဖြင့် ရောက်ရှိလာခဲ့ဖူးကြောင်းနှင့် ၃-၁-၂၀၀၆ ရက်တွင် ထွန်းမင်းသည် ဆိုင်ကယ်တစ်စီးဝယ်ထားကြောင်း သတင်းစရရှိခဲ့သည်။

ထို့ကြောင့် မသင်္ကာသူ ထွန်းမင်းအား ၃-၁-၂၀၀၆ ရက်ည ၉နာရီခွဲတွင်လည်းကောင်း၊ ၎င်းနှင့်အတူ ဒေါ်အေးအေးမော်အိမ်သို့ အဖော်လိုက်ပါလာသူ မြစ်သားမြို့နယ် ဒိုင်းရွာနေ မျိုးဦးအား ၄-၁-၂၀၀၆ ရက် နံနက် ၁၁နာရီတွင်လည်းကောင်း ဖမ်းဆီးစစ်ဆေးခဲ့သည်။ စစ်ဆေးချက်များအရ အခင်းဖြစ်နေ့ ည ၇နာရီခွဲက ထွန်းမင်းသည် ဒေါ်အေးအေးမော်၏ ခြံဝင်းအတွင်း အုတ်တံတိုင်းကျော်၍ ဝင်ရောက်ခဲ့ပြီး ရေကန်အနီး ခေတ္တပုန်းခိုခဲ့ကြောင်း၊ ည ၈နာရီခန့်တွင် ဒေါ်အေးအေးမော် ဘော်ဒါဆောင်သို့ ထွက်သွားသည်ကို မြင်ရသဖြင့် အိမ်ရှေ့တံခါးကို တွန်းဖွင့်ဝင်ခဲ့ကြောင်း၊ ထို့နောက် တီဗွီစင်ပေါ်ရှိ သော့တွဲဖြင့် အိပ်ခန်းအတွင်းမှ သံသေတ္တာကို ဖွင့်၍ ရွှေထည်များ ထည့်ထားသော မုန့်ပုံးနှင့် ငွေတို့ကို ခိုးယူပြီး ဝင်လမ်းအတိုင်းထွက်ကာ စက်ဘီးဖြင့် ရွာသစ်ကလေးသို့ ပြန်လာခဲ့ကြောင်းနှင့် တစ်ဦးတည်း ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

စစ်ဆေး ပေါ်ပေါက်ချက်များအရ တရားခံထံမှ ငွေသားကျပ် ၅၉၆၅၀၀၊ ရွှေထည်ပစ္စည်းများနှင့် တရုတ်လုပ် လိုင်စင်မဲ့အနက်ရောင် ဆိုင်ကယ် တစ်စီးအပြင် တရားခံပေါင်နှံရောင်းချထားသည့် ရွှေဆိုင်၊ အပေါင်ဆိုင်တို့မှ ရွှေထည်များကို ပြန်လည်သိမ်းဆည်း ရမိခဲ့သည်။

လောဘဇောတိုက်မိသည့် တရားခံအား အမှုစတင်တိုင်ကြားသည့် ၃-၁-၂၀၀၆ ရက် ည ၇နာရီမှ ၅-၁-၂၀၀၆ ရက် နံနက် ၁၁နာရီအထိ နှစ်ရက်တာကာလအတွင်းပြည်သူလူထု၏ သတင်းပေးကူညီမှုဖြင့် ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

ဖြူးမြို့နယ်အသင်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၂

ဖြူးမြို့ အထက(၁) (အမျိုးသားကျောင်း-၁၉၂၀) ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲသို့ ဖြူးမြို့နယ်အသင်း (ရန်ကုန်) အစီအစဉ်ဖြင့် ဇန်နဝါရီ ၂၁ ရက် နံနက် ၄နာရီတွင် လမ်းမတော်လမ်းနှင့် ကျုံးကြီးလမ်းထောင့်မှ ထွက်ခွာမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ဖြူးမြို့နယ်သူ၊ နယ်သားများ ဇန်နဝါရီ ၁၇ ရက် နောက်ဆုံးထား၍ ဦးဂုဏ်ရင် ဖုန်း-၀၉၅၁၃၂၃၃၀၊ ဦးမြဦး ဖုန်း-၆၀၁၃၁၊ ကိုမြဦး ဖုန်း-၂၂၉၄၅ တို့ထံ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားသည်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများဖြစ်ကြသော ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ဝန်ထမ်းများနှင့် မိသားစုဝင် အမျိုးသမီးများ စုစုပေါင်း ၃၀၀ တက်ရောက်ကြသည်။

ရှေးဦးစွာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ဝေဝေသာက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါက်တာဒေါ်ဝေဝေသာက အမျိုးသမီးရေးရာအဖွဲ့ဝင်ခွင့် လျှောက်ထားသူ ၁၃၉ဦးအတွက် လျှောက်လွှာများကို ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဒုတိယ ခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က "ပြဌာန်းဥပဒေများနှင့် အမျိုးသမီးများ၏ အခွင့်အရေး"ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နှုတ်ခွန်းဆက်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲ အခမ်းအနားတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ဝေဝေသာ နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (ရထား)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်မှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် စွမ်းအင်လည်းရ၊ ပြည်လည်းလှကာ ဘက်စုံအသုံးဝင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်တွင် ဧကတစ်သောင်းစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းဆုံရှိ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်းရှိ မြေကွက်လပ်များ၊ မြေလွတ်များတွင် ပျိုးထောင်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်အား အပင်ပေါက်များကို မျိုးအိတ်များအတွင်း ထည့်သွင်းထားရှိနေမှု၊ မျိုးကိုင်းများကို အရှည်ကိုးလက်မ ဖြတ်တောက်ကာ ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ထားမှု၊ ပျိုးပင်များ အောင်မြင်စွာ ဖြစ်ထွန်းရှင်သန်နေမှုအခြေအနေများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် မြို့တော်ဝန်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ဌာနကြီး ၂၀တို့မှ သက်ဆိုင်ရာဌာနမှူးများအား စိုက်ပျိုးရန် မျိုးကိုင်းများခွဲဝေပေးအပ်ပြီး မင်းဓမ္မ ပြပွဲပြိုင်ပွဲကွင်းအနီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် မြေနေရာများ တိုးချဲ့ပြုပြင်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၀၆(သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၇း၁၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရား မြိုရှောင်ရှား)
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	သာသနာ့အနွယ်ဝင်သီလရှင်
၇း၄၅	Myanmar Video Rhythm
၈း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	အသည်းရောင်အသားဝါ (ဘီ)ရောဂါအကြောင်း ဟောပြောချက်(အပိုင်း-၃) (ပါမောက္ခဦးခင်မောင်ဝင်း)
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	မြန်မာစာ၊မြန်မာစကား
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၉း၄၅	မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ (အပိုင်း-၁)
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံမှူးတင်) (ဆေးရွက်ကြီးအန္တရာယ်)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	မြန်မာ့သစ်လုပ်ငန်း အမှတ်(၃)ပရိဘောဂစက်ရုံ
၁၁း၂၀	ရေကူးရအောင်
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အာရှတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ မြန်မာလူငယ်မောင်မယ်များ ဗိုလ်လုပွဲတက်

ရန်ကုန် ဇန်နဝါရီ ၁၂

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် အသက်(၁၄)နှစ်နှင့်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ၂၀၀၆ခုနှစ် အုပ်စု (၂) (ITF 14 & Under Asian Championships 2006 Group (2) Tennis Tournament) တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အောင်ကျော်နိုင်၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် အောင်ကျော်နိုင်နှင့်အောင်ကိုဦးတို့အတွဲက နောက်ဆုံးဗိုလ်လုပွဲသို့တက်သွားသည်။

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ခိုင်ငြိမ်းသာ၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် ခိုင်ငြိမ်းသာနှင့် သန္တာအောင်တို့အတွဲက နောက်ဆုံးဗိုလ်လုပွဲသို့ တက်သွားသည်။

ဇန်နဝါရီ ၁၃ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်သိမ်ဖြူတင်းနစ်ကွင်း၌ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အချပ်ပို(၄) မျက်နှာ ဖော်ပြပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ဖော်ပြပါရှိပါသည်။

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၀၆ခုနှစ် ဇန်နဝါရီလ၁၂ရက်နေ့ မြန်မာစံတော်ချိန် ၀၇နာရီ ၃၉မိနစ် ၅၄ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၅၃၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(သတင်းစဉ်)

ဂရင်းရှိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးသတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် International Beverages Trading Co., Ltd နှင့် HAN Event Management တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် ဂရင်းရှိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ (Grand Royal Speical Reserve Golf Championship 2006) ကျင်းပရေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၆ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Grand Plaza Park Royal Hotel၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ IBTCကုမ္ပဏီမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်အမှုဆောင် ဦးကိုကိုလေးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ IBTC ကုမ္ပဏီမှ Design & Development Director ဦးတင့်ဦးက ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အမှုဆောင် ဦးချမ်းဟန်က ပြိုင်ပွဲနှင့်ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသော စာနယ်ဇင်းမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

နောက်ဆုံးဗိုလ်လုပွဲ

၂၀၀၆ ခုနှစ် ဂရင်းရှိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပွဲများကို မန္တလေးမြို့ ရွှေစာရံဂေါက်ကလပ်၊ မြစ်ကြီးနားမြို့ မြစ်ကြီးနားဂေါက်ကလပ်၊ လားရှိုးမြို့ လားရှိုးဂေါက်ကလပ်နှင့် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်တို့တွင် ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေနှင့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အားကစားသမားများမှအပ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အပျော်တမ်းအဆင့် အမျိုးသားဂေါက်သီးရိုက် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ချီးမြှင့်မည်

လက်ရည်စစ်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အဝေးဆုံးရိုက်ချက်ဆုနှင့် အနီးဆုံးရိုက်ချက်ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ လက်ရည်စစ်ပွဲစဉ် တစ်ပွဲချင်းစီမှ အကောင်းဆုံး ဂေါက်သီးရိုက်အားကစားသမား လေးဦးတို့သည် နောက်ဆုံးဗိုလ်လုပွဲစဉ်၌ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

ဝိုင်းဝန်းပံ့ပိုး

၂၀၀၆ခုနှစ် ဂရင်းရှိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲကို Air Mandalay၊ Crusher Club Soda၊ Srixon နှင့် Grand Plaza Park Royal Hotelတို့က ဝိုင်းဝန်းပံ့ပိုးပေးကြမည်ဖြစ်ကြောင်းသိရသည်။(ကြေးမုံ)

Air Bagan မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် တာချီလိတ်မြို့၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd **က အဓိက ကူညီပံ့ပိုးသော ၂၀၀၅-၂၀၀၆ခုနှစ်** Air Bagan **မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပဉ္စမပွဲစဉ်ကို ဇန်နဝါရီ ၁၇ရက်မှ ၂၀ရက်အထိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့** Tarchilate Golf Club **၌ ကျင်းပမည်ဖြစ်သည်။**

ပြိုင်ပွဲတွင် Professional အဆင့်နှင့် အမျိုးသားအပျော်တမ်းအဆင့်(အကြောပေး သုညမှ ၁၂)ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ပြီး ယှဉ်ပြိုင်လိုသူများသည် တာချီလိတ်မြို့သို့ သွားရောက်ရန်အတွက် Air Bagan Ltd က လေယာဉ်နှင့် နေထိုင်ရေးများကို အခမဲ့စီစဉ်ထား၍ ဇန်နဝါရီ ၁၂ရက် နောက်ဆုံးထား၍ ဖုန်း၀၉-၉၈၇၂၅၅၄ နှင့် ၅၄၂၉၇၉သို့ အမည်စာရင်းပေးသွင်းနိုင်သည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd ဖြစ်ပြီး Official Bankအဖြစ် KBZ Bank Ltdဖြစ်ကာ၊ Co-Sponsors များအဖြစ် Myanmar Brewery Ltd၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort ၊Srixon ၊ Kachin Golfers Group၊ Jade Land Myanmar Co., Ltd၊ Eden Group Co., Ltd ၊ Max Myanmar Co., Ltd၊ London နှင့် Regina Golf Club and Resort တို့က အသီးသီး ပါဝင်ကူညီကြမည်ဖြစ်ပြီး တာချီလိတ်ပဉ္စမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Managementက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

(သတင်းစဉ်)

airBagan
MYANMAR GOLF TOUR

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာရပ်စော်ဘွားများ ပြည်ထောင်စု ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်အသစ်ထံသို့ သဝဏ်လွှာပေးပို့

ရန်ကုန် 　　ဇန်နဝါရီ 　　၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်အသစ် ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ်–မာတွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု၊ အောင်မြင်မှုများ ရရှိနေခြင်းကို မနာလိုမရှုဆိတ်သည့် အဖျက်သမားအုပ်စုများသည် အမျိုးသားညီလာခံကြီး ပျက်ပြားအောင် နှောင့်ယှက်ဖျက်ဆီးရန် ကြိုးပမ်းနေ အပြုသဘောလုပ်ရပ်နှင့် အဖျက်သဘောလုပ်ရပ်များကို ပြည်သူများ ကွဲကွဲပြားပြား သိရှိနေကြပြီဖြစ်

အဖျက်လုပ်ရပ်များကို ပြည်သူ့စွမ်းအားဖြင့် ကာကွယ်တားဆီး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ဦးစိုင်းရီတစ်ပဝုန်း အမှာစကား ပြောကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ယခုကျင်းပနေသည့် အမျိုးသားညီလာခံသည် မိမိတို့ တိုင်းပြည်၏ ပကတိ အနေအထားအရ တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များ စနစ်တကျ ညှိနှိုင်းဆွေးနွေး တိုင်ပင်ကြပြီး တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရာတွင် လိုအပ်သည့် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ပေးနေသည့် ညီလာခံကြီးဖြစ်။

ရန်ကုန် 　　ဇန်နဝါရီ 　　၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသည့် အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ကျင်းပသည်။

လူထုအစည်းအဝေးသို့ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းဆတ်၊ တာချီလိတ်၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းပျဉ်း၊ မိုင်းတုံနှင့် မက်မန်းမြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျိုင်းတုံမြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူအင်အား ၁၁၆၀၀ ကျော်တို့က ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းဆတ်၊ တာချီလိတ် အမည်ရှိ စစ်ကြောင်းလေးကြောင်းဖြင့် စုရပ်အသီးသီးမှ စစ်ကြောင်းမှူးများ ဦးဆောင်၍ မြို့မအားကစားကွင်းသို့ ဝင်ရောက်နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မြို့မိမြို့ဖ ဦးစိုင်းရီတစ်ပဝုန်းကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တွဲဖက် ပြည်နယ်ပညာရေးမှူး ဦးသန်းညွန့်၊ လားဟူတိုင်းရင်းသား ရပ်မိ ရပ်ဖ ဦးကျာဘရဲ၊ အခါတိုင်းရင်းသား ရပ်မိ ရပ်ဖ ဦးယာထူ၊ စီးပွားရေးလုပ်ငန်းရှင် ဦးစိုင်းလာနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိ (အငြိမ်းစား) ဦးထွဏ်းလွင်ဦးတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားအမှူးအဖြစ် ကျိုင်းတုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဟွမ်ခမ်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဝိုးခမ်းက ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက အခမ်းအနား စတင်ကြောင်းကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် သဘာပတိ ဦးစိုင်းရီတစ်ပဝုန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအချိန်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနေကြောင်း၊ ညီလာခံကြီးတွင် မိမိတို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)က ပြည်သူလူထုကြီး၏ ကိုယ်စားကိုယ်စားလှယ်များ တက်ရောက်ပြီး ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ●